ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 August 2020 ၁၀၁၀၉

လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေး ပြည်သူသို့ ပန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ
COVID–19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေး ပြည်သူသို့ ပန်ကြားချက်
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၈.၈.၂၀၂၀)နေ့၊ နံနက်ပိုင်း မြန်မာစံတော်ချိန် (၀၉:၃၀) နာရီတွင် ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ ကမ္ဘာတွင် (COVID–19) ရောဂါဖြစ်ပွားသူ (၂၁.၅)သန်းခန့်ရှိ၍ သေဆုံးသူ (၇.၆) သိန်းကျော်ရှိနေပြီဖြစ်ကာ ဖြစ်ပွားသူနှင့် သေဆုံးသူအရေအတွက်မှာ အချိန်နှင့်အမျှ တိုးတက်များပြားလျက်ရှိနေပါသည်။

၂။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားသူ (၂.၆)သန်းခန့်နှင့် သေဆုံးသူ (၅၀,၉၂၁)ဦးဖြင့် ကမ္ဘာတွင် ဖြစ်ပွားမှု တတိယအများဆုံးနိုင်ငံဖြစ်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဖြစ်ပွားသူ (၂.၇) သိန်းကျော်နှင့် သေဆုံးသူ (၃,၆၅၇)ဦးရှိနေပါသည်။ အဆိုပါ နိုင်ငံများတွင် ဖြစ်ပွား/သေဆုံးသူဦးရေမှာ နေ့စဉ် ဆက်လက်မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိနေရပါသည်။

၃။ မိမိတို့နိုင်ငံတွင် (COVID–19) ကူးစက်ဖြစ်ပွားမှုပထမလှိုင်း၏ အကျပိုင်းသို့ရောက်ရှိနေပြီး ပထမလှိုင်း မကြာမီ ပြီးဆုံးတော့မည်ဟု ဆိုနိုင်သည့်အခြေအနေဖြစ်ပါသည်။ ယနေ့နံနက်ပိုင်းအထိ ရောဂါဖြစ်ပွားသူ (၃၇၆)ဦးရှိကာ ၎င်းတို့အနက် (၆)ဦးသေဆုံးခဲ့ပြီး ရောဂါပိုးကင်းစင်သူ (၃၃၁)ဦးရှိပြီဖြစ်ပါသည်။ (၁၈–၆–၂၀၂၀) ရက်နေ့မှစ၍ ယနေ့အထိ ပိုးတွေ့ရှိသူ (၁၁၄)ဦးရှိသည့်အနက် (၂)ဦးသာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် (၁၁၂)ဦးသည် ပြည်တွင်းကူးစက်မှုမဟုတ်ဘဲ နိုင်ငံခြားမှ ပြန်လည်ဝင်ရောက်လာသူများတွင် ပိုးတွေ့ရှိရခြင်း ဖြစ်ပါသည်။ ဤသို့ထိန်းချုပ်နိုင်ခဲ့ခြင်းမှာလည်း ပြည်သူသာလျှင် အဓိကဖြစ်သည့်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်မှု၊ လိုက်နာခဲ့မှုကြောင့်ဖြစ်ပါသည်။

၄။ အထူးသတိပြုရမည့်အချက်မှာ မိမိတို့နိုင်ငံတွင် ရောဂါပိုးတွေ့ရှိရသူများအနက် ထက်ဝက်ကျော်ဖြစ်သည့် (၆၁%)ခန့်သည် အမြင်အားဖြင့် နေကောင်းကျန်းမာပြီး ရောဂါလက္ခဏာ တစ်စုံတစ်ရာပြသခြင်းမရှိသူများ ဖြစ်ပါသည်။ အကယ်၍ ရပ်ကွက်/ကျေးရွာအတွင်း၊ လူထုအတွင်း ရောဂါလက္ခဏာတစ်စုံတစ်ရာမရှိဘဲ COVID–19 ဗိုင်းရပ်စ်ပိုးရှိနေသောသူများရှိနေပါက ထိုသူတို့ထံမှ တိတ်တဆိတ်ကူးစက်ပြန့်ပွား၍ ရောဂါဖြစ်ပွားမှု ဒုတိယလှိုင်းအဖြစ် အရှိန်အဟုန်မြင့်မားစွာဖြင့် ပေါ်ပေါက်လာနိုင်သည့် အလားအလာများစွာရှိပါသည်။ ဤကဲ့သို့ ရောဂါ ဒုတိယလှိုင်းအဖြစ် ရောဂါပြန်လည်ဖြစ်ပွား/သေဆုံးနေမှုများကို အိမ်နီးနားချင်းနိုင်ငံအချို့နှင့် ရောဂါကို အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သည်ဟုဆိုခဲ့သော ကမ္ဘာ့နိုင်ငံကြီးအချို့တွင် တွေ့ရှိနေရပြီး ခက်ခဲစွာ ပြန်လည်ထိန်းချုပ်နေရသည်ကိုလည်း တွေ့ရှိရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ကမ္ဘာတွင် ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေများကို တွေ့မြင်ကြားသိနေရ

စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အခြေအနေများကို ရေရှည်မျှော်မှန်း ဖြေရှင်းဆောင်ရွက်ကြရမည်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာနိုင်မှု အခြေအနေအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာနိုင်မှု အခြေအနေအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

လျှောင်အန္တရာယ် ကြိုတင်ကာကွယ် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရေးဆွေးနွေး

စာမျက်နှာ » ၉

တံတားတည်ရှိရာနေရာက ဒေသခံ ပြည်သူလူထုတွေအနေနဲ့ အမြင်သစ် အလှရသခံစားရသလို သက်ဆိုင်ရာမြို့တွေအတွက် အထင်ကရ ဖြစ်ခဲ့ပါတယ်

စာမျက်နှာ » ၁၀

လုပ်ငန်းခွင်များတွင် နှာခေါင်းစည်း ဝတ်ဆင်ရန် ပြင်သစ် အမိန့်ထုတ်ပြန်

စာမျက်နှာ » ၁၂

ကြေးမုံ

ပြည်ထောင်စု၏ပန်းတိုင်သို့ ရှေးရှုတက်လှမ်း

မြန်မာနိုင်ငံ၌ အရေးတကြီးလိုအပ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေးရရှိရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးပွဲများသည် အထူးအရေးကြီး ပါသည်။ အရေးတကြီးလိုအပ်နေသော ထိုအရေးကိစ္စများသည် နိုင်ငံရေး ပြဿနာများဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းများ တွင် အောင်မြင်စွာအဖြေရှာကြမည် ဖြစ်သည်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရန် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် အဓိကကျသည့် အဖွဲ့အစည်းဖြစ်သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ UPDJC အစည်းအဝေး (၁၄) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဆွေးနွေးပွဲများတွင် မတူကွဲပြားသည့် သဘောထား များဖြင့် ငြင်းခုံဆွေးနွေးခဲ့ကြသည်။ မတူကွဲပြားကြသော်လည်း တစ်ဦးနှင့် တစ်ဦး အခင်အမင်မပျက်၊ ရင်းနှီးမှုမပျက် လုပ်ဖော်ကိုင်ဖက်အဖြစ် ငြိမ်းချမ်း ရေးအတွက် နားလည်မှုရှိရှိဖော်ဆောင်ခဲ့ကြသည်။ မတူကွဲပြားသည့်မိတ်ဆွေ အဖြစ်နှင့် ပြည်ထောင်စုတစ်ခုလုံးအကျိုးအတွက် မျှော်မှန်းဆောင်ရွက် နေကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတစ်ခု အတွက်သာမဟုတ်၊ ငြိမ်းချမ်းရေးသက်သက်လည်းမဟုတ်၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များပါဝင်နေသဖြင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်သည်။ ဆောင်ရွက်နေသော နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အဓိက ဦးတည်ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ဒီမိုကရေစီ အခြေခံမူများနှင့် ဖက်ဒရယ်အခြေခံမူများ ဖော်ထုတ်နိုင်ရေးဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပါက ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောလာမည် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ နိုင်ငံရေးမျက်နှာစာတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးသည် အားလုံးလက်ခံသည့် ပြည်ထောင်စု ပန်းတိုင်အဖြစ် ရှေးရှုတက်လှမ်းနေကြပြီဖြစ်သည်။ ထိုသို့တက်လှမ်းရာ၌ "အဓိကအချက်ကတော့ နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ ကိုယ်စားပြုတဲ့ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စု တစ်ခုလုံးရဲ့အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်သစ်တွေရဲ့ အကျိုးစီးပွားကို ရှေးရှုကြဖို့လည်း အရေးကြီး ပါတယ်။ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်း ဆောင်ရွက် နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိ ဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန်မာကျောသူတွေဖြစ်ဖို့ လည်း အင်မတန်လိုအပ်ပါတယ်" ဟု (၁၉) ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

အားလုံးလက်ခံသည့်ပြည်ထောင်စုတည်ဆောက်ရေးသည် ငြိမ်းချမ်းရေး တည်ဆောက်မှုကို အခြေခံမှ အဆင်ပြေမည့် ပကတိအခြေအနေမှန်များရှိနေ သည်။ ငြိမ်းချမ်းရေးတွင် မတူကွဲပြား အငြင်းပွားနေသည့် အခက်အခဲများ၏ အရင်းခံဇာစ်မြစ်သည် နိုင်ငံရေးအရ ကြုံတွေ့နေရသောပြဿနာမဟုတ်ဘဲ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုအရ ကြုံတွေ့နေရသော ပြဿနာများဟု ဆိုနိုင်သည်။ ထို့ကြောင့် နှစ်ပေါင်းရှည်ကြာစွဲမြဲလာခဲ့သော မယုံကြည်မှုများကို လျှော့ပါးသွားစေရန်အတွက် တစ်ဖက်နှင့်တစ်ဖက် အပေးအယူ၊ အလျှော့ အတင်း ပျော့ပျောင်းစွာဆက်ဆံခြင်းဖြင့် ဆွေးနွေးအဖြေရှာဖို့ လိုအပ်မည် ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးရေးနှင့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်ရင်ကြား စေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေး၊ နောက်ဆုံး ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအားလုံး၏ အနှစ်နှစ်အလလက မျှော်လင့်ခဲ့ကြသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် စတင်လျှောက်လှမ်းနိုင်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် ကို နည်းလမ်းရှာပြီး ပုံဖော်ပေးနိုင်မည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင်ချုပ်ဆိုမည့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)ပင်ဖြစ်သည်။ ပြည်ထောင်စုသဘောတူ စာချုပ် အစိတ်အပိုင်း(၃)သည် မြန်မာနိုင်ငံ၏ အနှစ်နှစ်အလလက ဖြစ်ပေါ် ခဲ့သော ပြဿနာများကို လက်တွေ့ကျကျဖြေရှင်းနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ကို စတင်ပုံဖော်ဖန်တီးလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စု၏ပန်းတိုင်ဖြစ်သည့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် သမိုင်းဝင်ပဋိညာဉ်တစ်ရပ်ဖြစ်လာတော့မည့် စာချုပ်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ စတုတ္ထ အစည်းအဝေးတွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် တညီတညွတ်တည်း လက်တွဲမဖြုတ်စတမ်း ရှေးရှုတက်လှမ်း ကြိုးပမ်းအားထုတ်နိုင်ကြလိမ့်မည် ဟု အလေးအနက်ယုံကြည်ပါကြောင်း။ ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ နည်းပညာ အထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက နည်းပညာ အထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီး က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ယခုလှူဒါန်းသည့် Samsung Tablet များအား နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန် ရေးလုပ်ငန်းစဉ်များ၊ အုပ်ချုပ်ရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများသို့ ဆက်လက်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများက ပစ္စည်းနှင့် ငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သမဝါယမအသင်းများက လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားကော်မတီအဆင့်ဆင့်များနှင့် ကျန်းမာရေး၊ လူမှုရေးအဖွဲ့အစည်းများသို့ ဧပြီ ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ် များမှ သမဝါယမအသင်းပေါင်း ၁၉၄၄ သင်းက ပစ္စည်းတန်ဖိုး ငွေကျပ် ၈၀ ဒသမ ၇၁ သန်း၊ ငွေသားတန်ဖိုး ငွေကျပ် ၁၁၄ ဒသမ ၇၉ သန်း စုစုပေါင်းတန်ဖိုး ကျပ် ၁၉၅ ဒသမ ၅၀ သန်း လှူဒါန်းမှု ပြုလုပ်ခဲ့သည်။

ထို့ပြင် အသင်းသား အသင်းသူများ စားဝတ်နေရေး အဆင်ပြေစေရန် အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ သမဝါယမအသင်းပေါင်း ၃၈၅ သင်း မှ အသင်းသားပေါင်း ၆၉၈၉၅ ဦးအတွက် ပစ္စည်းတန်ဖိုးငွေကျပ် ၂၄၉ ဒသမ ၉၂ သန်း၊ ငွေသားတန်ဖိုး ငွေကျပ် ၂၁၉ ဒသမ ၈၇ သန်း နှစ်ရပ်ပေါင်းငွေကျပ် ၄၆၉ ဒသမ ၇၉ သန်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၈-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၀၀၀	၁၀,၀၀၀	၂,၅၉၈	၂၆,၀၈၀,၀၀၀
MTSH	၃,၇၅၀	၃,၇၅၀	၁,၆၃၁	၆,၁၁၆,၂၅၀
MCB	၈,၀၀၀	၈,၀၀၀	၆	၄၈,၀၀၀
FPB	၂၂,၀၀၀	၂၂,၀၀၀	၂၀	၄၄၀,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၁	၂,၇၅၀
EFR	၃,၀၅၀	၃,၀၅၀	၆	၁၈,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၈

ရန်ကုန်(ရွှေဈေး) ၁၃၃၀၀၀၀ မန္တလေး(ရွှေဈေး) ၁၃၃၀၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၅၀/၆၀၀ ကျပ်	၅၉၀/၆၀၀ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၄၀/၅၉၀ ကျပ်	၅၇၅/၅၈၅ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၂၀/၆၅၀ ကျပ်	၆၈၀/၇၁၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၉၀/၅၂၅ ကျပ်	၅၅၅/၅၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၉၅/၅၁၀ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၀၅/၅၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၇၀/၄၇၃ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၁.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၆၁၉.၈
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၆.၅၁
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၆၈၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၅.၁၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၂၁၉
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၈၄.၁၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၉၇.၀၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၈၉.၁
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၄.၈၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်မှူး	- ဦးမြင့်စိုး		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊		ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	ဓာတ်ပုံသတင်းထောက်	- ဦးခင်မောင်ဝင်း
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	စာပြင်	- ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
အကြီးတန်း	- ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း	အီးမေးလ်နှင့် အွန်လိုင်း	- ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသိလျှင် အဓိက

○ ရှေ့ဖုံးမှ

၅။ မိမိတို့ပြည်သူများအကြားတွင် COVID-19 ကာကွယ်ရေးအတွက် အဓိကလိုက်နာဆောင်ရွက်ရမည့် အချက်များကို နိုင်ငံတွင်းကူးစက်မှုများခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ဧပြီလနှင့် မေလတို့တွင် လိုက်နာမှု အားကောင်းခဲ့သော်လည်း ဇွန်လအလယ်ခန့်မှစတင်၍ လိုက်နာမှုအားနည်းနေသည်ကို တွေ့ရပါသည်။

၆။ အကယ်၍ မိမိတို့နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုများ ရုတ်တရက်များပြားစွာပေါ်ပေါက်လာပြီး ထိန်းချုပ်ရန်ခက်ခဲသော ရောဂါဖြစ်ပွားမှု ဒုတိယလှိုင်းအဖြစ်ပေါ်ပေါက်လာပါက ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ စားဝတ်နေရေး စသည့်ကဏ္ဍမျိုးစုံတွင် ဆိုးကျိုးများစွာ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါသည်။

၇။ ရောဂါကာကွယ်ရေးနည်းလမ်းများကို ပြည်သူအားလုံးက လိုက်နာလျှင် လိုက်နာသကဲ့သို့ နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်လာစေနိုင်သည့် COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းမဖြစ်ပေါ်စေရန် အောက်ဖော်ပြပါ အဓိကအချက် (၅)ချက်ကို တိတိကျကျလိုက်နာပြီး မိမိတို့ပြည်သူအားလုံး အတူတကွ ဝိုင်းဝန်းကာကွယ်ကြပါရန် တိုက်တွန်းအပ်ပါသည်-

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့်တစ်ဦးတတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်၊ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် ဆေးကြောကြပါရန်။

(င) နိုင်ငံခြားမှ ပြန်ရောက်လာသူများအား အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ထားရှိ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါရန်၊ တရားမဝင် ပြန်လည်ဝင်ရောက်လာသူများတွေ့ရှိပါက မဖြစ်မနေသတင်းပို့ပါရန်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နှင့် ယနေ့တို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများ အပေါ် ကူညီပံ့ပိုး ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကူညီဆောင်ရွက်

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရန် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းအား ကြေညာရာ၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်တွင် အမှန်တကယ် ကြုံတွေ့ရသည့် အခက်အခဲများကို သိရှိနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းစစ်ဆေး ကြည့်ရှုရခြင်း ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းအား ကြေညာရာတွင် ကြုံတွေ့ရသော အချက်အလက်မပြည့်စုံမှုများနှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းများကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းလျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာရာ၌ ပိုမိုပြည့်စုံမှန်ကန်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကော်မရှင်၏ လုပ်ငန်းစဉ်များအပေါ် အားလုံးကြိုးပမ်း ကူညီဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းစဉ်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဒေါက်တာ ဥမ္မာကျော် ဒုတိယပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၂)	ပါမောက္ခ ဒေါက်တာခင်သန်းညွန့် ပါမောက္ခ/ဌာနမှူး ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(မန္တလေး) ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

နေပြည်တော်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးပံ့ပိုးကူညီရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပံ့ပိုးကူညီရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေး၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က တရားမျှတပြီး ဘက်လိုက်မှုကင်းရှင်းသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးနှင့် ဌာနဆိုင်ရာများကပူးပေါင်းပြီး ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပထမအကြိမ် မဲစာရင်းများ ကပ်ထားကြေညာစဉ်ကာလတွင် မဲဆန္ဒရှင်များ၏ သတ်မှတ်ပုံစံအသီးသီးဖြင့် လျှောက်ထားမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားကြရန်နှင့် မှားယွင်းမှု အနည်းဆုံးဖြစ်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေး၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ဦးဆန်းလွင်တို့က ဒုတိယအကြိမ် မဲစာရင်း မကြေညာမီ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လွဲမှားမှုအများဆုံးဖြစ်ပေါ်နိုင်သည့်အချက်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကျူးကျော်နေထိုင်ကြသူများအတွက် စီမံဆောင်ရွက်သင့်သည့်အချက်များ၊ မဲဆန္ဒရှင်စာရင်းမကျန်ရှိစေရေး စီစဉ်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျက်စီး၊ ပျောက်ဆုံး၊ လျှောက်ထားမှုများကို ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဇော်မင်းလွင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

☆ ဒုတိယသမ္မတမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အပူလွန်ကဲခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ကာ စားနပ်ရိက္ခာရှားပါးမှုများ ကြုံတွေ့လာနိုင်မည့် အခြေအနေများကို သုံးသပ်နိုင်ရန်နှင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးနိုင်ကြရန် ဖြစ်ပါကြောင်း။

သတိပြုမိကြမည်

ယနေ့ကမ္ဘာတွင် ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေများကို တွေ့မြင်ကြားသိနေရပြီး အဆိုပါအကျိုးဆက်များကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံမှုများ၊ အပူလွန်ကဲခြင်းနှင့် မိုးခေါင်ရေရှားခြင်းစသည့် သဘာဝဘေးအန္တရာယ်များသည် ယခင်နှင့်မတူ နေရာဒေသပြောင်းလဲမှုများ၊ ပြင်းအားပိုမိုကြီးမားလာမှုနှင့် အရေအတွက် ပိုမိုများပြားလာမှုများ ဖြစ်ပေါ်နေသည်ကို သတိပြုမိကြမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးများတွင် ကြိုတင်ပြင်ဆင်ရင်ဆိုင်နိုင်သည့် မုန်တိုင်းနှင့် ရေကြီးခြင်း၊ မျှော်လင့်မထားနိုင်သည့် အခြေအနေမျိုးနှင့် ရုတ်တရက်ကြုံတွေ့ရသည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်သည့် တောင်ပြို၊ မြေပြိုခြင်းများအပြင် သတိမမူမိဘဲ တဖြည်းဖြည်းချင်း ဖြစ်ပေါ်နေတတ်သည့် မိုးခေါင်ရေရှားခြင်းဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်နေကြရပါကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုနှင့်သက်ဆိုင်သည့် သဘာဝဘေးများကို ပြန်သုံးသပ်မည်ဆိုပါက လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မုန်တိုင်းဖြစ်ပွားမှုများသည် ထူးခြားမှုမရှိသော်လည်း ရေကြီးရေလျှံမှုများသည် ယခင်နှင့်မတူသည်များကို တွေ့ရှိလာရပါကြောင်း၊ ယခင်က ရေကြီးရေလျှံမှု ဆိုးရွားစွာမဖြစ်ခဲ့ဖူးသည့် မွန်ပြည်နယ်၌ ၂၀၁၈ ခုနှစ် ရေကြီးမှုများနှင့်အတူ မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော် တောင်ပြိုမှုဖြစ်စဉ်နှင့် ၂၀၁၉ ခုနှစ်တွင် ပေါင်မြို့နယ် မလတ်တောင် ပြိုကျမှုဖြစ်စဉ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါကြောင်း။

ပိုမိုပူပြင်း

ထို့ပြင် ၂၀၁၈ ခုနှစ်တွင် ဆွာချောင်းရေလှောင်တမံကျိုးပေါက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ ယခု ၂၀၂၀ပြည့်နှစ်တွင် အမရပူရမြို့နယ် ရွှေဂဲရေထိန်းတံခါးတာပေါင် ကျိုးပေါက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုနှင့် ဖားကန့်တွင်ဖြစ်ပေါ်ခဲ့သည့် မြေစာပုံပြိုမှုများသည် ထူးခြားသည့်အခြေအနေများဖြစ်ပြီး အပူချိန်မြင့်တက်မှုအခြေအနေကို ကြည့်မည်ဆိုလျှင်လည်း နှစ်စဉ်ပိုမိုပူပြင်းခြောက်သွေ့လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

အဆိုပါ ဖြစ်စဉ်အခြေအနေများကြောင့် လူ့အသက်ဆုံးရှုံးမှုများ၊ လမ်းတံတား၊ အဆောက်အအုံ၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည့် ကဏ္ဍများတွင် တိုက်ရိုက် ဆုံးရှုံးမှုများရှိခဲ့သည်ကို ဖြေရှင်းဆောင်ရွက်နေရပါကြောင်း၊ မိုးများခြင်းနှင့် ရေကြီးခြင်းများကြောင့် စိုက်ခင်းများ ပျက်စီးရာမှလည်းကောင်း၊ ပူပြင်းခြောက်သွေ့မှု၊ စိုက်ပျိုးရေမလုံလောက်မှုတို့ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်း၊ ထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့်လည်းကောင်း စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အခြေအနေများကို ရေရှည်မျှော်မှန်းဖြေရှင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ထိခိုက်စေနိုင်ပြီး စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အကြောင်းရင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိကအားထားရသည့် စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးပါက ဆုံးရှုံးမှုများနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအခြေအနေနှစ်ရပ်အပေါ် လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာတွင်ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အခြေအနေများကို အမြဲနှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း။

မျက်ခြည်မပြတ်လေ့လာ

ယနေ့ ကမ္ဘာပေါ်ရှိနိုင်ငံများအကြား သတင်းအချက်အလက်၊ နည်းပညာ၊ ထုတ်ကုန်၊ အလုပ်အကိုင်၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေး စသည်တို့ လျင်မြန်စွာ ကူးလူးစီးဆင်းနေသည့် Globalization ခေတ်ကာလတွင် တစ်နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုသည် အခြားနိုင်ငံများအပေါ် သက်ရောက်နိုင်ရန် လွယ်ကူမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်လေ့လာသိရှိနေရန် လိုအပ်ပါကြောင်း။

ယခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် COVID-19 ကူးစက်ရောဂါကြောင့် ကျန်းမာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများတွင် စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ကြရပြီး စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ COVID-19 ကူးစက်ရောဂါကြောင့် တစ်ကမ္ဘာလုံး စိန်ခေါ်မှုများ ရင်ဆိုင်နေရချိန်တွင် ရာသီဥတုပြောင်းလဲမှုများနှင့် ဆိုးရွားမှုများ ထပ်ဆင့်ဖြစ်ပေါ်လာနိုင်မှုကြောင့် အခြားထိခိုက်မှုများအပြင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်မြော်တွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်မည့် အစီအမံများ ချမှတ်ထားရန် လိုအပ်မည်ပါကြောင်း၊ အဓိကအားဖြင့် မိမိနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံနိုင်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပတင်ပို့မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းတစ်ရပ် ရရှိလာနိုင်ပါကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုများနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးနည်းစနစ်များ၊ စိုက်ပျိုးသီးနှံများဖြစ်ထွန်းစေရေး၊ တောင်သူလယ်သမားများအတွက် နည်းပညာများပံ့ပိုးပေးနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်စေရေး၊ ပြည်တွင်း/ပြည်ပဈေးကွက်များဖော်ဆောင်ပေးနိုင်ရေး၊ ကုန်သွယ်မှုပမာဏ တိုးတက်ရေး၊ သဘာဝဘေးနှင့် ပိုးမွှားတိရစ္ဆာန်များကြောင့် စိုက်ပျိုးသီးနှံများ၊ စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအတွက် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး စသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေးနှင့် ဘေးအန္တရာယ်များကြောင့် ထိခိုက်နစ်နာမှု လျော့နည်းရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်း အလေးထားဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ဖော်ထုတ်ကြရမည်

သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရန် စနစ်တကျ ဆောင်ရွက်ပေးနိုင်ရေး၊ ဘေးသင့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေးနှင့် ပိုမိုကောင်းမွန်သည့်လူနေမှုဘဝရရှိစေရေးတို့အတွက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ တာဝန်ယူဆောင်ရွက်လျက်ရှိနေကြသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပုံမှန်အခြေအနေများအပြင် ယနေ့ကာလရင်ဆိုင်ကြုံတွေ့နေရသည့် COVID-19 ကူးစက်ရောဂါ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လက်ရှိအခြေအနေများ၊ နောင်ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် အလားအလာများနှင့် အကျိုးဆက်များကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့် အခြေအနေများကို ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောလူဦးရေသည် ကျေးလက်တွင် နေထိုင်ကြသူများဖြစ်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာလယ်ယာလုပ်ငန်းဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍအောင်မြင်ပါက လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးဆုံးရှုံးပါက ပြည်သူအများစုအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်သည့်အပြင် နိုင်ငံ၏စီးပွားရေးကိုပါ ထိခိုက်စေနိုင်ပါကြောင်း။

တိုင်ပင်ဆွေးနွေး

ထို့ကြောင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေး၊ စားနပ်ရိက္ခာလိုအပ်ချက်များရှိလာနိုင်မှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ စားနပ်ရိက္ခာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ အခွင့်အလမ်းမျိုး ဖော်ဆောင်နိုင်မည့်အခြေအနေတို့ကို တိုင်ပင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်သူများ ကြုံတွေ့လာနိုင်သည့် စားနပ်ရိက္ခာပြဿနာ ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိထောက်ပံ့နေမှု အခြေအနေများ၊ မထင်မှတ်သော၊ ဆိုးရွားသောဘေးများကျရောက်စဉ် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ ဘေးအန္တရာယ်လျော့ပါးရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာအသုံးပြုမှုနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဒေါက်တာသန်းမြင့်တို့က စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆောင်ရွက်လျက်ရှိသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေချိုငါးမွေးမြူရေး၊ ရေငန်ငါးဖမ်းဆီးရေးတို့နှင့်စပ်လျဉ်းသည့် ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပြည်ပတင်ပို့ရောင်းချမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတွင်း ပျက်စီးဆုံးရှုံးမှုများ၊ သဘာဝဘေးဒဏ် ကာကွယ်ရေးအစီအမံများဆောင်ရွက်ရေး၊ ရာသီဥတုထိန်းသိမ်းထားနိုင်ရန် ဆောင်ရွက်ရေး၊ ဆည်မြောင်း၊ တာ၊ တမံများ ပိုမိုတည်ဆောက်ရေး၊ ရေသိုလှောင်ထိန်းသိမ်းထားနိုင်ရေး၊ ရေကိုစနစ်တကျအသုံးချနိုင်ရန်ဆောင်ရွက်ရေး၊ ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းသိုလှောင်ထားနိုင်ရေး၊ ရိက္ခာထုတ်လုပ်မှုဖူလုံတိုးတက်စေရန် ဦးစားပေးဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရေး၊ ကုန်ထုတ်လမ်းများ၊ တံတားများ ပိုမိုတည်ဆောက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

အစီရင်ခံစာပြုစုတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးစိုးအောင်တို့က စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာမှုအခြေအနေအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များအတွက် အစီရင်ခံစာပြုစုတင်ပြနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုစသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် အထူးအရေးပါသဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် စားနပ်ရိက္ခာများ ပိုမိုထုတ်လုပ်နိုင်ရန် စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ခြင်း၊ ရှိပြီးသားစိုက်ပျိုးမြေများကို စနစ်တကျအသုံးချခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်မှုရှိစေရေးအတွက် Rain Water Harvesting ကဲ့သို့ မိုးရေသိုလှောင်ထိန်းသိမ်းနိုင်ရန် ဆည်များ၊ လျှိုပိတ်မြောင်းပိတ်များတည်ဆောက်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ချောင်းကောမြောင်းကောများ ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရရှိသည့် စားနပ်ရိက္ခာများကို ရေရှည် သိုလှောင်ထိန်းသိမ်းထားနိုင်ရေးအတွက် ခေတ်မီအအေးခန်းများ၊ သိုလှောင်ရုံများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းတည်ဆောက်နိုင်ရေးကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရိက္ခာလိုအပ်ချက် ဖူလုံမှုကို အဓိကဦးစားပေးပြီး ပိုလျှံမှသာ ပြည်ပသို့ စိစစ်၍တင်ပို့ရောင်းချနိုင်ရေး စီစဉ်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ရေရှည်စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရန်မှာ MSDP နှင့် ချိတ်ဆက်၍ Master Plan တစ်ခုရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

ပွင့်ဖြူမြို့နယ်၌ ရောဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

ပွင့်ဖြူ ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သဘာဝရေပြင်အတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်တိုးပွားရေးအတွက် ဩဂုတ် ၁၈ ရက်တွင် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအနီး ရောဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ လေးသိန်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းကိုကိုထွန်း၊ စခန်းတာဝန်ခံဦးဉာဏ်ဝင်းနှင့် ခရိုင်၊ မြို့နယ်ရုံးဝန်ထမ်းများ၊ သံကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်ကျေးရွာ ငါးကဏ္ဍ အသင်းသား၊ အသင်းသူများက ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဩဂုတ် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ လစဉ် ၁၅၀ ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ဆက်လက်ပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၁၅–၈–၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၃၁–၈–၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၁၃–၈–၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇူလိုင်လ (၁)ရက်နေ့မှ ဇူလိုင်လ(၁၅)ရက်နေ့အထိ (၇၅)ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်(အခမဲ့)ကို ၁၀–၇–၂၀၂၀ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၃။ ထပ်မံ၍ ဇူလိုင်လ (၁၆)ရက်နေ့မှ ဇူလိုင်လ (၃၁)ရက်နေ့အထိ (၇၅)ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေကို ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဇူလိုင်လ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၄။ COVID – 19 ကြောင့် ပြည်သူများ စီးပွားရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကြပ်တည်းခြင်းများစွာရှိနေခြင်းကြောင့် ဩဂုတ်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ (၃၁–၁၂–၂၀၂၀) အထိ လစဉ် ၁၅၀ ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ကို ဆက်လက်ပေးသွားမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ လစဉ် သုံးစွဲမည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/–) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်လျက်ရှိသည့် CERP စီမံချက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ ဖွင့်လှစ်သည့် ဝက်မွေးမြူရေးသင်တန်းသို့ရောက်ရှိပြီး သင်တန်းနည်းပြများ၊ သင်တန်းသူ သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇွန်လမှ စက်တင်ဘာလအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်း၊ မွေးမြူထုတ်လုပ်မှုသင်တန်းများကို ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငွေကျပ်သန်း ၁၄၄၀ အသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၁၀၀ ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငမိုးရိပ်ရေလှောင်တမံ မိုင်နာမြောင်း DM–6 တွင် ငမိုးရိပ်ရေသောက်တောင်သူများဖြင့် ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့(WUG)များနှင့် တွေ့ဆုံ၍ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ တောင်သူမိသားစုများ၏ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ မေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားကာ လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ အမှတ်(၃၅) စက်မှုလယ်ယာစခန်းတွင် CERP အရ ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိကြပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နေပြည်တော်၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း စသည့် တိုင်းဒေသကြီး ခြောက်ခုတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပေးခြင်း၊ ပျိုးဘန်းဖြင့် ပျိုးထောင်ခြင်း၊ ကြားပေါင်းလိုက်ခြင်း စသည့် လုပ်ငန်းများကို ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ ငွေကျပ် ၂၀၄ သန်း အသုံးပြုဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး ပြည်နယ် ၁၁ ခုတွင် လယ်ယာသုံးစက်ကိရိယာ ၁၂၅၆ ဒသမ ၈၅ သန်းဖိုး ဖြန့်ဖြူးပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုန်းနဲ့ကုန်း ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် ဒေသနေတောင်သူများနှင့်တွေ့ဆုံ၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ လုပ်ငန်းရပ်ဆိုင်းမှု ရှိနေသော်လည်း စားနပ်ရိက္ခာဖူလုံမှုအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် တောင်သူများ၏ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ဆောင်ရွက်မှုအား အထောက်အကူဖြစ်စေရန် နိုင်ငံတော်က ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) ရေးဆွဲချမှတ်ပေးမှုအပေါ် မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးမှာကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား စိုက်ပျိုးစရိတ်များ ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် မိသားစုဥယျာဉ်ခြံ စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် သနပ်ပြင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စစ်ဆေးကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စိုက်ကွင်းတွင် CERP အရ စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကြပြီး (RS to CS)မျိုးသန့်မျိုးပွား စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းတွင် ပြည်ထောင်စုဝန်ကြီးက ဒေသနေ တောင်သူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု ၁၇ အုပ်စု မိုးစပါးမျိုးစေ့ထုတ်စိုက်ဧက ၇၁၉ ဧကအတွက် CERP အရ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေကျပ် ၁၀၆၇၇၁၅၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးရွာအုပ်စု ၁၃ အုပ်စု မိုးစပါး မျိုးစေ့ထုတ်စိုက်ဧက ၃၂၉ ဧကအတွက်(CERP)အရ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေကျပ် ၄၈၈၅၆၅၀၀ ကိုလည်းကောင်း ပေးအပ်ရာ အကျိုးဆောင်တောင်သူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

ယခုအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူ ၃၈၀၊ စုစုပေါင်းစိုက်ဧက ၁၀၄၈ ဧကအတွက် ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ မိုးစပါးမျိုးစေ့ထုတ်စိုက် စရိတ်ငွေကျပ်စုစုပေါင်း ၁၅၅၆၂၈၀၀၀ ကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ဧက တစ်သိန်းအတွက် ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)အရ စုစုပေါင်း ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတက်ရောက်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်၌ စုံညီစွာရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် နေပြည်တော်၌ စုံညီစွာ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စောမိုရှေး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA)(PC) ဥက္ကဋ္ဌ စောထော့လေးနှင့် ဒုတိယဥက္ကဋ္ဌ စောရင်နု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် အထွေထွေအတွင်းရေးမှူး ဦးဆန်နီ၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံးနှင့် ဒုတိယဥက္ကဋ္ဌ ပူးထန်နိန်းကီး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန် ခွန်ဥက္ကာနှင့် နာယက ဖြားတန် ခွန်တိဆောင်၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယ ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်နှင့် ဒုတိယခေါင်းဆောင် စောမြရာဇာလင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် RCSS ၏ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး၊ မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌနိုင်ဟံသာနှင့် ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာခွန်ဆာနှင့် NCA–S EAO အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များသည် နေပြည်တော်သို့ ဩဂုတ် ၁၀ ရက်မှ စတင်ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်လျက်ရှိကြကြောင်း သိရသည်။

အလားတူ နိုင်ငံရေးပါတီ (၂၁)ပါတီမှ နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် သတ်မှတ်နေရာအသီးသီးတွင် စုံညီစွာ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

COVID- 19 : Second Wave - နောက်တစ်ချီ ဒီတစ်လုံး မဖုံးစေချင်ပါ

(ယမန်နေ့မှ အဆက်)

ရောဂါကူးစက်ခံရသူများ

ဩဂုတ်လ ၃ ရက်၊ ဖိလစ်ပိုင်နိုင်ငံမှာ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၃၂ ဦး စံချိန်တင်တွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း တစ်သိန်းကျော်လာ၊ အီရန်နိုင်ငံမှာ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၆၀၅ ဦး ထပ်မံတွေ့ရှိပြီး ၂၀၈ ဦးထပ်မံသေဆုံး၊ တောင်အာဖရိကနိုင်ငံမှာ ရောဂါကူးစက်ခံရသူ ငါးသိန်းကျော်လာ၊ အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီး ကိုဗစ်-၁၉ ရောဂါဖြင့် ကွယ်လွန်။

ဩဂုတ်လ ၄ ရက်၊ အိန္ဒိယနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၈ သန်းအထိရှိလာ၊ ကိုဆိုဗိုဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ အိန္ဒိယပြည်ထဲရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ အိန္ဒိယနိုင်ငံ ကာနာတာကာ ပြည်နယ်ဝန်ကြီးချုပ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့၊ အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၁၆၇၉ ဦးရှိ၊ အင်ဒိုနီးရှားမှာ ဆရာဝန် ၇၂ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး သေဆုံး။

ဩဂုတ်လ ၅ ရက်၊ ဘရာဇီးနိုင်ငံ၌ ရောဂါကူးစက်သူ ငါးသိန်းကျော်လာ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသများတွင် ရောဂါကူးစက်သူ ငါးသိန်းကျော်လာ၊ ကမ္ဘောဒီးယား၌ အမေရိကန်နိုင်ငံ သံတမန်တစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ ရုရှားနိုင်ငံမှာ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၅၁၅၉ ဦး ထပ်မံတွေ့ရှိပြီး ၁၄၄ ဦး ထပ်မံသေဆုံး၊ ကာဇက်စတန်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ၈၅၁၈ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ။

ဩဂုတ်လ ၆ ရက်၊ ဘရာဇီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ သုံးပုံတစ်ပုံတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရ၊ တောင်အာဖရိက ကျန်းမာရေးလုပ်သား ၂၄၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၊ အိန္ဒိယနိုင်ငံ မဟာရတ်ရှ်တရာပြည်နယ်၌ ရဲတပ်ဖွဲ့ဝင် ၁၀၀၀၀ ကျော် ရောဂါကူးစက်ခံရပြီး ၁၀၇ ဦး သေဆုံး။

ဩဂုတ်လ ၇ ရက်၊ ပြင်သစ်နိုင်ငံတွင် ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၆၉၅ ဦး ရှိကာ နှစ်လအတွင်း စံချိန်တင်၊ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် အကျဉ်းထောင်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၅၁၇ ဦး၊ သေဆုံးသူ ခုနစ်ဦးရှိ။

ဩဂုတ်လ ၈ ရက်၊ အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ် အုပ်ချုပ်ရေးမှူး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ရောဂါကူးစက်သူ ၆၂၅၃၈ ဦး စံချိန်တင်တွေ့ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်သန်းကျော်လာ (၄ ရက် အတွင်း နှစ်သိန်းကျော် များလာခြင်း)။

ဩဂုတ်လ ၁၁ ရက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၃၀၀၀ နီးပါးရှိပြီး ၃၃ ဦး ထပ်မံသေဆုံးဆိုတဲ့ သတင်းတွေဟာ နေ့တိုင်းတွေ့နေရတဲ့ သတင်းတွေထဲက တချို့သာဖြစ်ပါတယ်။

ကမ္ဘာ့ပထမဆုံးလို့ပြောနိုင်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး

ရောဂါကူးစက်သေဆုံးသူတွေရဲ့ သတင်းတွေသာမက ရောဂါပိုးနဲ့ပတ်သက်လို့ ထပ်မံတွေ့ရှိချက်တွေကိုလည်း တွေ့နေ၊ ကြားနေကြရပါတယ်။ ကာကွယ်ဆေးနဲ့ ကုသနိုင်မယ့်ဆေးတွေကို ကမ္ဘာအနှံ့ နိုင်ငံအများအပြား အဖွဲ့အစည်းပေါင်းစုံက အထူးကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ဒီနှစ်ကုန် နောက်နှစ်ဆန်းလောက်မှ အာနိသင်လည်းရှိ၊ ဘေးဥပဒ်အန္တရာယ်လည်းကင်းတဲ့ ကာကွယ်ဆေးကို လူအများကို ထိုးပေးနိုင်ဖွယ်ရှိတယ်လို့ အများက ယူဆလက်ခံထားကြရာက ဩဂုတ်လ ၁၁ ရက်နေ့မှာတော့ သတင်းတစ်ခုတက်လာပါတယ်။ ရုရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်နိုင်ပြီဆိုတဲ့ သတင်းပါ။ ရုရှားသမ္မတပူတင်က “Sputnik-V လို့ လောလောဆယ် အမည်ပေးထားတဲ့ ကမ္ဘာ့ပထမဆုံးလို့ ပြောနိုင်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ရုရှားနိုင်ငံ Moscow's Gamaleya Institute က စမ်းသပ်ချိန် နှစ်လ မပြည့်ခင်မှာ ထုတ်နိုင်ခဲ့ပါပြီ။ Sustainable immunity against the coronavirus ရောဂါပိုးကို ကာကွယ်နိုင်စွမ်း စိတ်ချရလောက်တဲ့ အခြေအနေရှိနေပါတယ်။ သူ့သမီးကိုတောင် ထိုးပေးပြီးပါပြီ။ လူထုအုံလိုက်ကျင်းလိုက်ကို အောက်တိုဘာလလောက်မှာ ထိုးပေးနိုင်ဖွယ်ရှိပါတယ်” လို့ ထုတ်လွှင့်သွားခဲ့ပါတယ်။

လိုအပ်တဲ့စမ်းသပ်မှုတွေအကုန်ပြီးလို့ စိတ်ချရတယ်လို့ ယေဘုယျအားဖြင့် ပြောသွားပေမယ့် ဒီထက်တိတိကျကျတော့ ဒီဆောင်းပါးရေးနေတဲ့ ၁၅-၈-၂၀၂၀ ရက်နေ့အထိ မဖော်ပြသေးပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) အပါအဝင် နိုင်ငံကြီးတွေကတော့ ရုရှားရဲ့ ရလဒ်မြန်လွန်းတာကြောင့် ရာနှုန်းပြည့် သဘောတူလက်ခံခြင်း မပြုသေးပါဘူး။ WHO က ရုရှားနိုင်ငံကို ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ နိုင်ငံတကာဆိုင်ရာ လိုက်နာရမယ့် ညွှန်ကြားချက် (International Guideline and steps) တွေ အတိုင်းဖြစ်စေဖို့ တိုက်တွန်းပြောဆိုမှု ပြုလုပ်ပြီး ပြန်လည်ဆန်းစစ် (Review) ဖို့ အကြံပေးနေဆဲပါ။ ကမ္ဘာပေါ်မှာ လက်ရှိ COVID ကာကွယ်ဆေးကို အမျိုး ၁၀၀ ကျော် ကြိုးစားရှာဖွေထုတ်လုပ်နေကြရာမှာ လူတွေနဲ့စမ်းသပ်တဲ့ အဆင့်(၃) Phase 3 အထိ ရောက်နေတဲ့ အာနိသင်လည်း စိတ်ချရ၊ အန္တရာယ်လည်း မရှိဘူးလို့ WHO က အသိအမှတ်ပြုထားတာ ခြောက်မျိုးပဲ ရှိပါသေးတယ်။ ဆိုလိုတာက ရုရှားနိုင်ငံရဲ့ တွေ့ရှိမှုဟာ ဝမ်းသာစရာပေမယ့် ရာနှုန်းပြည့် ပျော်ရမယ့် အခြေအနေ မဟုတ်သေးဘူးဆိုတာပါပဲ။

သုံးကြိမ်အထိ ဖြစ်ပွားခဲ့

အခု လူပြောများခေတ်စားနေတဲ့ ဒုတိယလှိုင်း (Second Wave) ဆိုတဲ့ အကြောင်းလည်း သိစေချင်ပါတယ်။ ရာစုနှစ်တစ်ခုကျော်က ကမ္ဘာ့ကပ်အသွင် ဖြစ်ပွားခဲ့တဲ့ Spanish Flu (စပိန်တုပ်ကွေး) ရောဂါအကြောင်းကစပြီး ပြောချင်ပါတယ်။ ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံ(သန်း ၅၀၀ ကျော်) ရောဂါ ကူးစက်ခဲ့ပြီး မှတ်တမ်းမှတ်ရာများအရ သန်း ၅၀ သော ကမ္ဘာ့လူသားများ အသက်ဆုံးပါးခဲ့ရတဲ့ အဲဒီကပ်ရောဂါကြီးဟာ ၁၉၁၈-၁၉၁၉ ခုနှစ်မှာဖြစ်ခဲ့တုန်းက (Three Waves) သုံးကြိမ်အထိ ဖြစ်ပွားခဲ့တာလို့ ယူဆထားကြသူတွေရှိခဲ့ပါတယ်။ ပထမအကြိမ်ဖြစ်၊ ရောဂါတွေ ကူးစက်၊ သေကျေပျက်စီးကြပြီး နည်းနည်းအရှိန်ကျသွား ပြီးမှ ဒုတိယအကြိမ် Second Wave ပြန်ဖြစ်တဲ့အခါ ပထမအကြိမ်ထက် ပိုပြင်းထန်ပြီး သေဆုံးမှုပိုများခဲ့ကြရပါတယ်။

ဘာဖြစ်လို့ ဒုတိယအကြိမ်လည်းဖြစ်၊ သေဆုံးတာလည်း များရတာလဲဆိုတာ နောက်ပိုင်းမှာ အတော်လေ့လာထားကြပြီး ဖြေရှင်းချက်တွေ ပေးထားကြတဲ့အထဲမှာ အဖြစ်နိုင်ဆုံးနဲ့ အများလည်း လက်ခံကြတဲ့အချက်တွေကတော့ (၁) အဲဒီ စပိန်တုပ်ကွေးရောဂါဟာ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်နေရာက ကူးစက်တာကို အဲဒီခေတ်က မှန်းဆခဲ့ကြပြီး ပထမအကြိမ် ရောဂါဖြစ်တဲ့အချိန်တုန်းက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးသွားလာမှုတွေလျှော့ကာ ဆင်ခြင်နေထိုင်ခဲ့ကြပေမယ့် ရောဂါအရှိန်ကျသွားတဲ့အခါ အတားအဆီးလုံးဝ မရှိကြ၊ မထားကြတော့ဘဲ လုံးဝ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေထိုင်သွားလာလှုပ်ရှားကြလို့ အကြီးအကျယ်ပြန်ကူးခြင်းနဲ့ (၂) ဆေးပညာအဆိုအရ ရောဂါပိုးဟာ မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ပိုမိုကူးစက် ပိုမိုပြင်းထန် ပိုမိုသေဆုံးစေခြင်းတို့ဖြစ်ပါတယ်။

အခု ကိုဗစ်-၁၉ ရောဂါဟာလည်း ဒီလိုအခြေအနေမျိုးဖြစ်နေတာပါ။ ရောဂါတန့်သွားလို့ သိပ်မဖြစ်ကြတော့လို့ ဖြေလျှော့မှု “Exit Strategy” ကို လုပ်ပေးလိုက်တဲ့အခါ လူ့သဘာဝအရ လုံးဝလွတ်သွားကြပြီး ထိန်းသိမ်းမှုမရှိတော့ဘဲ ၂၀၂၀ ပြည့်နှစ် နှစ်အစပိုင်းက ပုံစံမျိုးအတိုင်း ပြန်လည်နေထိုင်သွားလာလှုပ်ရှားနေကြပါတော့တယ်။ ဒီ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ မသိကြတာ အများကြီးရှိနေသေးပေမယ့် သေသေချာချာ သိထားလက်ခံထားကြတဲ့ အချက်ကတော့ ဒီရောဂါဆိုးကြီးဟာ လူ့လောကကြီးထဲက ပျောက်ကွယ်သွားဖို့မရှိသေးတာရယ်၊ ကာကွယ်ဆေးနဲ့ ကုသဆေးတွေ လုံလုံလောက်လောက် မပေါ်သေး၊ မပေးနိုင်သေးသမျှ ကူးစက်မှုတွေ ဆက်ဖြစ်နေနိုင်ပြီး လူတွေဆက်သေနေကြဦးမယ်ဆိုတာပါပဲ။ ဒါကြောင့်လည်း လူတွေအဖို့ ရှေ့ဆက်ရမယ့်ဘဝခရီးမှာ “New Normal Life” ဆိုတဲ့ အသုံးအနှုန်းအသစ်အတိုင်း ပြုပြင်ပြောင်းလဲထားရမယ့် အခြေအနေတွေနဲ့ ဘဝသစ်ကို ရင်ဆိုင်ကျော်ဖြတ်ကြရမှာပါ။

အခု လူပြောများခေတ်စားနေတဲ့ ဒုတိယလှိုင်း (Second Wave) ဆိုတဲ့ အကြောင်းလည်း သိစေချင်ပါတယ်။ ရာစုနှစ်တစ်ခုကျော်က ကမ္ဘာ့ကပ်အသွင် ဖြစ်ပွားခဲ့တဲ့ Spanish Flu (စပိန်တုပ်ကွေး) ရောဂါအကြောင်းကစပြီး ပြောချင်ပါတယ်။ ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံ(သန်း ၅၀၀ ကျော်) ရောဂါကူးစက်ခဲ့ပြီး မှတ်တမ်းမှတ်ရာများအရ သန်း ၅၀ သော ကမ္ဘာ့လူသားများ အသက်ဆုံးပါးခဲ့ရတဲ့ အဲဒီကပ်ရောဂါကြီးဟာ ၁၉၁၈-၁၉၁၉ ခုနှစ်မှာဖြစ်ခဲ့တုန်းက (Three Waves) သုံးကြိမ်အထိ ဖြစ်ပွားခဲ့တာလို့ ယူဆထားကြသူတွေရှိခဲ့ပါတယ်။ ပထမအကြိမ်ဖြစ်၊ ရောဂါတွေ ကူးစက်၊ သေကျေပျက်စီးကြပြီး နည်းနည်းအရှိန်ကျသွားပြီးမှ ဒုတိယအကြိမ် Second Wave ပြန်ဖြစ်တဲ့အခါ ပထမအကြိမ်ထက် ပိုပြင်းထန်ပြီး သေဆုံးမှုပိုများခဲ့ကြရပါတယ်။

ဘဝသစ်ကို ရင်ဆိုင်ကျော်ဖြတ်

အခု ကိုဗစ်-၁၉ ရောဂါဟာလည်း ဒီလိုအခြေအနေမျိုးဖြစ်နေတာပါ။ ရောဂါတန့်သွားလို့ သိပ်မဖြစ်ကြတော့လို့ ဖြေလျှော့မှု “Exit Strategy” ကို လုပ်ပေးလိုက်တဲ့အခါ လူ့သဘာဝအရ လုံးဝလွတ်သွားကြပြီး ထိန်းသိမ်းမှုမရှိတော့ဘဲ ၂၀၂၀ ပြည့်နှစ် နှစ်အစပိုင်းက ပုံစံမျိုးအတိုင်း ပြန်လည်နေထိုင်သွားလာလှုပ်ရှားနေကြပါတော့တယ်။ ဒီ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ မသိကြတာ အများကြီးရှိနေသေးပေမယ့်သေသေချာချာ သိထားလက်ခံထားကြတဲ့ အချက်ကတော့ ဒီရောဂါဆိုးကြီးဟာ လူ့လောကကြီးထဲက ပျောက်ကွယ်သွားဖို့မရှိသေးတာရယ်၊ ကာကွယ်ဆေးနဲ့ ကုသဆေးတွေ လုံလုံလောက်လောက်မပေါ်သေး၊ မပေးနိုင်သေးသမျှ ကူးစက်မှုတွေ ဆက်ဖြစ်နေနိုင်ပြီး လူတွေဆက်သေနေကြဦးမယ်ဆိုတာပါပဲ။ ဒါကြောင့်လည်း လူတွေအဖို့ ရှေ့ဆက်ရမယ့် ဘဝခရီးမှာ “New Normal Life” ဆိုတဲ့ အသုံးအနှုန်းအသစ်အတိုင်း ပြုပြင်ပြောင်းလဲထားရမယ့် အခြေအနေတွေနဲ့ ဘဝသစ်ကို ရင်ဆိုင်ကျော်ဖြတ်ကြရမှာပါ။

အဲဒီ “New Normal Life” မှာ အခုလက်ရှိကျင့်သုံးနေတဲ့ တတ်နိုင်သမျှ အိမ်မှာနေ၊ တတ်နိုင်သမျှ လူစုလူဝေးရှောင်၊ အပြင်ထွက်ရင် တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာနေ၊ အပြင်ထွက်တိုင်း နှာခေါင်းစည်း၊ ပါးစပ်စည်းကို စနစ်တကျတပ်၊ အပြင်ထွက်ရင် လက်ကိုဘာနဲ့မှ မထိမိအောင်ဂရုစိုက်၊ အပြင်က ပြန်လာတိုင်းနဲ့ တစ်ခုခုကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနဲ့ စနစ်တကျ အနည်းဆုံး စက္ကန့် ၂၀ ဆေး ဆိုတဲ့ လုပ်ငန်းစဉ်တွေကို အပေါ်မှာ ခဏခဏပြောခဲ့သလို ကာကွယ်ဆေးနဲ့ ကုသဆေး လုံလုံလောက်လောက် မရနိုင်သေးသရွေ့ ဆက်လက်ကျင့်သုံးနေကြရမှာပါ။

သက်ဆိုင်ရာအစိုးရတွေအနေနဲ့ကလည်း ဖြေလျှော့မှုတွေလုပ်ကြရာမှာ လုံးဝဥဿုံ လွှတ်ပေးလိုက်တာမျိုး မဟုတ်ပါဘူး။ ကဏ္ဍအလိုက်၊ အပိုင်းလိုက် လိုအပ်တဲ့ နေရာတွေ အန္တရာယ်မရှိနိုင်တဲ့ အရာမျိုးတွေကိုသာ တစ်ဆင့်ချင်း တဖြည်းဖြည်း ဖြေလျှော့နေကြတာပါ။

စာမျက်နှာ ၇ သို့ ■

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက် (Southeast Asian Press Councils – Net) မှ အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် တီမောလ်သတင်းမီဒီယာကောင်စီတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် အစည်းအဝေး ကျင်းပသည်။

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက် အဖွဲ့ဝင်များသည် ဒေသတွင်း ကိုဗစ်ဖြစ်ပွားနေမှုအခြေအနေများ၊ သတင်းသမားများ သတင်းရယူနေမှု အခြေအနေများနှင့် ဒေသတွင်း သတင်းမီဒီယာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ အီးယူသတင်းမီဒီယာကောင်စီ၊ ကမ္ဘာ့သတင်းမီဒီယာကောင်စီတို့နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက်သည် ဒေသတွင်းသတင်း မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အွန်လိုင်းမီဒီယာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလမှ စတင်ကာ လစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကိုဗစ်ကာလအတွင်း သတင်းမီဒီယာများအား ထောက်ပံ့ကူညီပေးခဲ့မှုနှင့် သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးစီမံချက်ရေးဆွဲပြီးစီးမှုတို့ကိုလည်း တင်ပြခဲ့သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် လာမည့် ၂၀၂၁ ခုနှစ်တွင် အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ အစည်းအဝေးတွင် အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက် (Southeast Asian Press Councils – Net) ဥက္ကဋ္ဌ Mohammad NUH, ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)၊ အထွေထွေအတွင်းရေးမှူး Asep Setiawan, ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဦးကျော်စွာမင်း၊ Agus Sudibyo, Chavarong Limpattamapanee, Virgilio da Silva Guterres တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ကျော်စွာမင်း

■ စာမျက်နှာ ၆ မှ

ဒါကြောင့် နိုင်ငံအတော်များများမှာ လေကြောင်းခရီးတွေကို ခွင့်မပြုသေးတာမျိုး၊ အကန့်အသတ်နဲ့သာ ခွင့်ပြုတာမျိုး ဆောင်ရွက်နေကြပါတယ်။ အကန့်အသတ်နဲ့ ခွင့်ပြုတယ်ဆိုရာမှာ တချို့နိုင်ငံတွေမှာ ပြည်တွင်းခရီးကိုသာ ခွင့်ပြုထားပြီး ပြည်ပခရီးခွင့်ပြုတဲ့ နိုင်ငံတွေမှာဆိုရင်လည်း တချို့ရောဂါအဖြစ်များနေတဲ့ နိုင်ငံတွေကလာတာ ဗီဇာမပေးတာတို့၊ လေဆိပ်အဝင်မှာ နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရတာတို့၊ တချို့ဆို ရောဂါမရှိကြောင်း စစ်ဆေးထားတဲ့ လက်မှတ်ပြရတာတို့စသဖြင့် ကန့်သတ်ချက်တွေအမျိုးမျိုးအဖုံဖုံနဲ့ ထိန်းချုပ်နေကြပါတယ်။ နိုင်ငံရပ်ခြားက ရောက်လာတဲ့ခရီးသည်တွေကို နိုင်ငံအတော်များများမှာ သွားလာခွင့်ထိန်းချုပ်မှုတွေကို သတ်မှတ်ထားတဲ့ရက်အတိုင်း သတ်မှတ်ထားသလောက် ကုန်ကျငွေပေးပြီး နေကြရပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ လူစုလူဝေးအများကြီး စုဝေးတဲ့ ပျော်ရွှင်ပွဲ၊ စုဝေးပွဲ၊ ဘာသာရေး၊ လူမှုရေးပွဲတွေ၊ ညီလာခံတွေ၊ အစည်း အဝေးတွေ လုံးဝ၊ လုံးဝ မလုပ်ကြသေးပါဘူး။ အရေးကြီးအစည်းအဝေးမှန်သမျှကို နည်းပညာအကူအညီနဲ့ Video Conferencing နဲ့ လုပ်နေကြတာ အသားကျနေကြပါပြီ။

ခေါင်းထောင်ဆဲ၊ ပန်းပန်ဆဲ ကိုဗစ်–၁၉ အခြေအနေ

အပေါ်မှာဖော်ပြခဲ့သလို ကမ္ဘာအနှံ့နိုင်ငံတွေမှာ တစ်ဖက်က ရောဂါကို ထပ်မပြန့်ပွားအောင်နဲ့ နောက်တစ်လှိုင်းမဖြစ်အောင်၊ နောက်တစ်ဖက်မှာလည်း စီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံရေးတွေ ဒီထက် ပိုမထိခိုက်အောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ အစွမ်းကုန်လုပ်နေကြတဲ့ အထဲက ခေါင်းထောင်ဆဲ၊ ပန်းပန်ဆဲ ကိုဗစ်–၁၉ အခြေအနေလေးတွေ တွေ့နေကြရပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက် နံနက်စာရင်းဇယားတွေအရ တစ်ကမ္ဘာလုံးမှာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံ ရသူ ၂၁၂၇၁၃၄ ဦး ရှိနေပြီး သေဆုံးသူ ၇၅၈၃၀၃ ဦး ရှိနေပါတယ်။

တစ်ကမ္ဘာလုံးမှာ အဖြစ်အများဆုံးရော၊ သေဆုံးမှုအများဆုံးနိုင်ငံဟာ အမေရိကန်နိုင်ငံ (၅၄၁၈၀၄၅ ဦးနဲ့ ၁၇၀၄၄၆ ဦး) ဖြစ်နေပါတယ်။ တစ်ချိန်က နှာခေါင်းစည်းတပ်ခြင်း/ မတပ်ခြင်းဟာ လူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်အခွင့်အရေးဆုံးဖြတ်ချက်လို့ လူသိထင်ရှားပြောခဲ့တဲ့ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင် အခု အပြင်ထွက်တိုင်း၊ လူထုနဲ့တွေ့ အစည်းအဝေးတွေလုပ်တိုင်း နှာခေါင်းစည်း အမြဲတပ်နေပါပြီ။ ရောဂါပိုးကူးစက်မှု ဒုတိယအများဆုံးက ရုရှားနိုင်ငံ ၃၂၉၆၂ ဦး ဖြစ်ပြီး နောက်ပိုင်းမှဖြစ်ပေမယ့် သေဆုံးမှုဒုတိယနေရာမှာ ရှိနေတာက ဘရာဇီးနိုင်ငံ ၁၀၅၅၆၄ ဦး ဖြစ်ပါတယ်။

ဥရောပနိုင်ငံတွေထဲမှာ ကိုဗစ်–၁၉ ကာလအစပိုင်းမှာ Early and Strict Lock Down အပါအဝင် ထိန်းချုပ်ကန့်သတ်မှုတွေကို ဖိဖိစီးစီးလုပ်နိုင်ခဲ့လို့ ရလဒ်ကောင်းတွေရရှိခဲ့တဲ့ နယူးဇီလန်နိုင်ငံဟာ ရက် ၁၀၀ ကျော်အထိ ပိုးကင်းစင် (Virus Free) တဲ့ အခြေအနေအထိ ကြေညာကာ ဖြေလျှော့မှုတွေကိုလည်း အရင်ဆုံးပြုလုပ်ခဲ့တဲ့နိုင်ငံဖြစ်ခဲ့ပေမယ့် အခုဒုတိယလှိုင်းကြောင့် Auckland မြို့တော်မှာ အဆင့် (၃) ပြန်သတ်မှတ်ကာ တားဆီးပိတ်ပင်မှုတွေ ပြန်လုပ်နေရပါပြီ။

အာဆီယံနိုင်ငံတွေထဲမှာ ရောဂါကူးစက်မှုအများဆုံးက ဖိလစ်ပိုင်နိုင်ငံ ၁၅၃၆၆၀ ဖြစ်ပြီး ရောဂါကြောင့် သေဆုံးလူနာအများဆုံးက အင်ဒိုနီးရှားနိုင်ငံ ၆၀၂၂ ဦး ဖြစ်ပါတယ်။ အထူးသတိထားသင့်တဲ့အချက်က ဗီယက်နမ်နိုင်ငံပါ။ စဖြစ်ခါစအချိန်တွေတုန်းက ရောဂါပိုးတွေ့ရှိသူ ဆယ်ဂဏန်းနဲ့ နောက်ပိုင်း ရာဂဏန်း စွန်းစွန်းသာရှိခဲ့ပြီး သေဆုံးသူတစ်ဦးမှ မရှိခဲ့လို့ Vietnam Model လို့တောင် ပြောဆိုအတုခိုးနေကြရာကနေ ဖြေလျှော့မှုတွေ လုပ်လိုက်ပြီး ရောဂါတွေ ပိုကူးစက်လာကာ ဩဂုတ်လ ၁၅ ရက်နေ့မှာ ရောဂါကူးစက်သူ ၈၂၉ ဦးနဲ့ သေဆုံးသူ ၂၁ ဦးဖြစ်သွားတာကို ကြောက်မက်ဖွယ် တွေ့ကြရပါတယ်။

အမှတ်စဉ် ၂၈ မှာရှိ

မိမိတို့နိုင်ငံရဲ့ ကိုဗစ်–၁၉ ကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်မှုဟာ လွယ်လွယ်ကူကူ ဖြတ်သန်းခဲ့ရတဲ့ ခရီးတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။ တစ်နိုင်ငံလုံးမှာ လူ ၃၇၆ ဦးပဲ ရောဂါပိုးတွေ့၊ ခြောက်ဦးပဲ သေဆုံးခဲ့တာ၊ တစ်နိုင်ငံလုံးမှာ ရောဂါပိုးကူးစက်သွားတဲ့ ကျန်းမာရေးဝန်ထမ်း ခုဂဏန်းလောက် (One digit) ပဲရှိပြီး ကျန်းမာရေးဝန်ထမ်းရော လုပ်အားပေး (Volunteer) တစ်ဦးမှ သေဆုံးမှု မရှိအောင် မှတ်တမ်းထိုးထားနိုင်တာ၊ နောက်ပိုင်း ရောဂါပိုးတွေ့နေတဲ့လူတွေဟာလည်း ပြည်ပက ပြန်လာတဲ့ အုပ်စုတွေထဲကသာဖြစ်ပြီး ပြည်တွင်းကူးစက်မှု နည်းနိုင်သမျှနည်းအောင် ထိန်းထားလို့ ဇူလိုင်လ ၁၆ ရက် နေ့ကစပြီး ပြည်တွင်းပြန့်ပွားမှု (Local Transmission) မရှိတော့တာဆိုတဲ့ အချက်တွေကြောင့်လည်း တစ်ကမ္ဘာလုံးမှာ ဒီရောဂါကို ကာကွယ်ထိန်းသိမ်းစွမ်းဆောင်နိုင်မှု (အောင်မြင်မှု) ကို တွက်ချက်ထားတဲ့ Global COVID–19 Index (GCI) အနေနဲ့ မိမိတို့နိုင်ငံက နိုင်ငံပေါင်း ၁၈၄ နိုင်ငံအနက် ၁၅–၈–၂၀၂၀ ရက်မှာ အမှတ်စဉ် ၂၈ မှာ ရှိနေတာပါ။ (ချမ်းသာပြီး အလွန်ဖွံ့ဖြိုးတိုးတက်နေတဲ့ အမေရိက၊ ဥရောပ၊ အာရှနိုင်ငံကြီး အချို့ရဲ့အပေါ်မှာ ရှိတာပါ)။

အဲဒီရလဒ်ကောင်းတွေဟာ နိုင်ငံ့ခေါင်းဆောင်ရဲ့ အမြော်အမြင်ကြီးစွာ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနတွေနဲ့ ဌာနဆိုင်ရာတွေရဲ့ သက်ဆိုင်ရာဝန်ထမ်းအားလုံးက မခိုမကပ် တာဝန်ကို ကျေသည်ထက်ပိုအောင် ထမ်းဆောင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အင်တိုက်အားတိုက် ပါဝင်လိုက်နာဆောင်ရွက်မှု၊ ပြည်တွင်းပြည်ပ စေတနာအလှူရှင် (တစ်ဦးချင်းကအစ အဖွဲ့အစည်းအသင်းအဖွဲ့ပေါင်းစုံ) တွေနဲ့ စေတနာလုပ်အားပေးတွေအားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြမှုတွေရဲ့ အသီးအပွင့်မို့ ဒီရလဒ်ကို ပိုမဆိုးရအောင်နဲ့ အာဆီယံနိုင်ငံတွေထဲက ကမ္ဘောဒီးယား (ပိုးတွေ့ ၂၇၃/ သေဆုံး မရှိ)၊ ဘရူနိုင်း (၁၄၂/၃)၊ လာအို (၂၂/၀) တွေလို ဆက်ထိန်းထားကြဖို့ အားလုံးမှာ တာဝန်ရှိ။

အဲဒီရလဒ်ကောင်းတွေဟာ နိုင်ငံ့ခေါင်းဆောင်ရဲ့ အမြော်အမြင်ကြီးစွာ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနတွေနဲ့ ဌာနဆိုင်ရာတွေရဲ့ သက်ဆိုင်ရာဝန်ထမ်းအားလုံးက မခိုမကပ် တာဝန်ကို ကျေသည်ထက်ပိုအောင် ထမ်းဆောင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အင်တိုက်အားတိုက်ပါဝင် လိုက်နာဆောင်ရွက်မှု၊ ပြည်တွင်းပြည်ပ စေတနာအလှူရှင် (တစ်ဦးချင်းကအစ အဖွဲ့အစည်းအသင်းအဖွဲ့ပေါင်းစုံ)တွေနဲ့ စေတနာလုပ်အားပေးတွေ အားလုံးရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြမှုတွေရဲ့ အသီးအပွင့်မို့ ဒီရလဒ်ကို ပိုမဆိုးရအောင်နဲ့ အာဆီယံနိုင်ငံတွေထဲက ကမ္ဘောဒီးယား (ပိုးတွေ့ ၂၇၃/ သေဆုံး မရှိ)၊ ဘရူနိုင်း (၁၄၂/၃)၊ လာအို (၂၂/၀) တွေလို ဆက်ထိန်းထားကြဖို့ အားလုံးမှာ တာဝန်ရှိနေပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တုန်းက မိမိတွေးတောရေးခဲ့မိတဲ့ စာစုလေးနဲ့ နိဂုံးချုပ်ပါရစေ။

အခု ကြုံတွေ့နေကြရတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး တာဝန်ရှိသူအားလုံးနဲ့ ပြည်သူပြည်သားအားလုံး ရင်ဆိုင်ကျော်ဖြတ်နေကြတဲ့အချိန်မှာ ဓမ္မစကြာတရားတော်ထဲက အချက်လေးတွေအတိုင်း ကျင့်ကြံဆောင်ရွက်နေ/ ဆောင်ရွက်ကြစေလိုပါတယ်။

ဓမ္မစကြာတရားတော်မှာ ဟောကြားထားတဲ့ "မဇ္ဈိမပဋိပဒါ"ခေါ်တဲ့အကျင့်ဟာ အလယ်အလတ်လမ်းစဉ်ပါ၊ ကာမအာရုံခံစားမှု လက်ယာအစွန်းနဲ့ အတ္တဘော ပင်ပန်းစေတဲ့ လက်ဝဲအစွန်းတည်းဟူသော အစွန်းတရားနှစ်ပါးကို ရှောင်ကြရမှာပါ၊

ဒီရောဂါ စဖြစ်ခါစက ကန့်သတ်ထိန်းချုပ်မှု၊ ပိတ်ဆို့မှုတွေ မဖြစ်မနေလုပ်ခဲ့ကြရပါတယ်။ ဒါပေမဲ့ အဲဒီ ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့တဲ့ ကျင့်စဉ်တွေကို လုံးဝဖြေလျှော့ခြင်း မလုပ်ဘဲ ရက်အကန့်အသတ်မရှိ ဆက်လုပ်နေရင် "အတ္တ ကိလမထာနုယောဂေါ" လက်ဝဲအစွန်းရောက်သွားတော့မယ့် အခြေအနေဖြစ်သွားမှာပါ။ လူတစ်ဦးချင်းသာမက မိသားစုတွေ၊ လူ့အသိုက်အဝန်းတွေသာမက နိုင်ငံနဲ့ချီပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဘက်ဘက်က ထိခိုက်မှာပါ။ ဒါကြောင့်လည်း အဆင့်ဆင့်ဖြေလျှော့မှုတွေ စလုပ်ပေးနေပါတယ်။

အဖြစ်ဆိုးနဲ့ ကြုံကြရနိုင်

အဲဒီမှာလည်း လုံးဝဥဿုံ(၂၀၂၀ နှစ်အစ အခြေအနေမျိုး) လွှတ်ပေးလိုက်ရင် "ကာမသုခလ္လိကာနုယောဂေါ" အထိန်းအကွပ်မရှိတော့တဲ့ လက်ယာအစွန်းရောက်သလိုဖြစ်သွားခဲ့ရင် အခုအထိ စီမံဆောင်ရွက်ကြိုးပမ်းခဲ့တာတွေ အဟောသိကံဖြစ်သွားပြီး တစ်ကမ္ဘာလုံးကပညာရှင်တွေ ကြောက်နေကြတဲ့ ဒုတိယလှိုင်း (Second Wave) ဖြစ်သွားကာ ၁၉၁၈–၁၉၁၉ ခုနှစ်က စပိန်တုပ်ကွေးလို အဖြစ်ဆိုးနဲ့ ကြုံကြရနိုင်ပါတယ်၊

ဒါကြောင့် "မဇ္ဈိမ ပဋိပဒါ" အလယ်အလတ်ကျင့်စဉ်အရ တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့မှုတွေကို (Step by step ease / release) သက်ဆိုင်ရာတွေက လုပ်နေကြသလို ပြည်သူတစ်ရပ်လုံးကလည်း လိုက်နာကျင့်သုံးကြဖို့ အရေးကြီးပါတယ်။

တစ်ဖန် ဓမ္မစကြာတရားတော်မှာ ဟောကြားထားတဲ့ မဂ္ဂင်ရှစ်ပါးတရားတွေအရ ဒီ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးနဲ့ ပတ်သက်လို့ –

သမ္မာဒိဋ္ဌိ = ကောင်းစွာသိမြင်ခြင်း၊ ဒီရောဂါနဲ့ ပတ်သက်တဲ့ ကူးစက်ပုံ၊ ကာကွယ်ပုံ ဆောင်ရန်၊ ရှောင်ရန်တွေကို အမှန်အတိုင်းသိမြင်ခြင်း၊

သမ္မာသင်္ကပ္ပ= ကောင်းစွာကြံစည်ခြင်း၊ သိမြင်ထားတဲ့ အချက်များကို ဘယ်လိုဆောင်ရွက်ကျင့်ကြံမယ်ဆိုတာကို မှန်မှန်ကန်ကန်ကြံစည်ခြင်း၊

သမ္မာဝါစာ = ကောင်းစွာပြောဆိုခြင်း၊ ဒီရောဂါနဲ့ ပတ်သက်လို့ ပြောဆိုစရာများရှိပါက အမှန်အတိုင်း ဖွင့်ဟပြောဆိုခြင်း (ဥပမာ နိုင်ငံခြားခရီး ရှိခဲ့တာမျိုး၊ လူစုလူဝေးသွားခဲ့တာမျိုး၊ အရသာပျက်၊ အနံ့မရတာဖြစ်နေတာမျိုး) ရောဂါခံစားနေရတဲ့ လူနာများကိုလည်း သာယာနာပျော်ဖွယ် ပြောဆိုဆက်ဆံတာမျိုး၊

သမ္မာကမ္မန္တ= ကောင်းစွာပြုမူခြင်း၊ ညွှန်ကြားထားတဲ့၊ လိုက်နာရမယ့် လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း ပြုလုပ်ဆောင်ရွက်ခြင်း (ဥပမာ မလိုအပ်ဘဲ အိမ်ပြင်မထွက်တာ၊ အပြင်ထွက်ရင် နှာခေါင်းစည်း ပါးစပ်စည်း စနစ်တကျတပ်တာ၊ လူတစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာတာ၊ လက်ခဏခဏဆေးတာ)၊

သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးခြင်း၊ မိမိ ဘဝအတွက် စီးပွားရှာတဲ့အခါ မတရားလောဘနဲ့ မလုပ်မိစေရန်၊ ဥပမာ စားသုံးကုန် လူသုံးကုန် ဆေးဝါးကအစ အကာအကွယ်ပစ္စည်း (Mask, Gown, PPE etc) တွေကို မတန်တဆ ဈေးတင်တာမျိုး မလုပ်မိစေရန်၊

သမ္မာဝါယမ = ကောင်းစွာအားထုတ်ခြင်း၊ သတ်မှတ်လမ်းညွှန်ထားမှုတွေကို တိတိကျကျလိုက်နာနိုင်အောင် အထူးဝါယမစိုက်ထုတ်ခြင်း(ဥပမာ မလိုအပ်ဘဲ အိမ်ပြင်ကိုလုံးဝမထွက်ခြင်း၊ ဈေးဝယ်တာမျိုးမှာ အိမ်တစ်အိမ်မှ လူအများကြီး မသွားမိအောင် သတိထားဆောင်ရွက်ခြင်း၊ နှာခေါင်းစည်း လုံးဝမပါဘဲ အပြင်မထွက်သလို နှာခေါင်းစည်းတပ်ရင်လည်း မေးစေ့ချိတ်တဲ့ Chin Mask မဖြစ်အောင် အထူးဂရုစိုက်ခြင်း၊ ပြင်ပမှာ မိမိလက်နဲ့ ဘာနဲ့မှ မထိမကိုင်မိအောင် ဝီရိယစိုက်ထုတ်ခြင်း၊ တစ်ခုခုနဲ့ထိပြီးတိုင်းနဲ့ အပြင်က ပြန်လာတိုင်း လက်ကို စနစ်တကျ အနည်းဆုံး စက္ကန့် ၂၀ ကြာ ဆပ်ပြာနဲ့ဆေးခြင်း၊

သမ္မာသတိ = ကောင်းစွာအောက်မေ့ခြင်း၊ မိမိ လုပ်ကိုင်ဆောင်ရွက်မှုများသည် မိမိတစ်ဦးတည်းသာမက မိမိမိသားစု၊ ပတ်ဝန်းကျင်၊ အပေါင်းအသင်းကိုပါ အန္တရာယ်ကင်းဝေးစေခြင်းကို သတိချပ် အောက်မေ့ဆင်ခြင်ခြင်း၊

သမ္မာသမာဓိ = ကောင်းစွာတည်ကြည်ခြင်း၊ မိမိ၏ မှန်ကန်သော အသိအမြင် အပြောအဆို အလုပ်အကိုင် အကျင့်စရိုက်တို့၏ မှန်ကန်မှု အကျိုးဖြစ်စေမှုများကို ခြွင်းချက်မရှိ ယုံကြည်သိမြင်လက်ခံပြီး မရွေ့မစောင်းဘဲ တည်ကြည်မှု (CONCENTRATION) ဖြစ်စေခြင်းတို့ပဲ ဖြစ်ပါတယ်။

ဓမ္မစကြာအခါတော်နေ့မှာ ဘုရားရှိခိုး၊ တရားထိုင်၊ ပုတီးစိတ်၊ ဓမ္မစကြာ တရားတော် အပါအဝင် ပရိတ်တော်များ ရွတ်ဖတ်ပြီး အာရုံထဲပေါ်လာတဲ့ အချက်လေးတွေ ရေးချမိတာပါ။

လူသားအားလုံး "မဇ္ဈိမ ပဋိပဒါ" နဲ့ "မဂ္ဂင်ရှစ်ပါး" ကျင့်စဉ်များကို ကျင့်ကြံနိုင်ကြပြီး လက်ရှိကြုံတွေ့နေကြရတဲ့ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဘေးကို ကျော်လွှားနိုင်ကာ သစ္စာလေးပါးတရား သိမြင်၊ နိဗ္ဗာန်ဝင်အောင် ဆက်လက်ကျင့်ကြံနိုင်ကြပါစေ။ ။

ပါမောက္ခသိန်း
ဆေးတက္ကသိုလ်(၁) ရန်ကုန်
(၁၅–၈–၂၀၂၀)

ရည်ညွှန်း– နေ့စဉ်ထုတ်သတင်းစာများ၊ MOHS, WHO, CDC , Web MD, Medscape International Website များ

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၀၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၀၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စစ်မှန်စွာ ချမှတ်နိုင်ရန်

ရှေးဦးစွာ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၀၂၁) ကောက်ယူရေးဦးဆောင်ကော်မတီ၏နာယက၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၀၂၁) ကို ကောက်ယူမည့်အစီအစဉ်သည် မိမိတို့နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာများ စစ်မှန်စွာ ချမှတ်နိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့သော စစ်တမ်းကောက်ယူခြင်းဖြင့် မိမိတို့နိုင်ငံ၏ လက်ရှိ ကျန်းမာရေးအခြေအနေများကို ပိုမိုတိကျစွာသိရှိလာနိုင်ပြီး မှန်ကန်ထိရောက်သည့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အရင်းအမြစ်များကို လိုအပ်သည့်နေရာသို့ မှန်ကန်စွာခွဲဝေချထားခြင်း၊ အရေးကြီးသည့် ကျန်းမာရေးစီမံချက်များကို ဦးစားပေးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစီမံချက် မန်နေဂျာများအနေဖြင့် ယခင်ကောက်ယူခဲ့သော မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆) မှ စစ်တမ်းတွေ့ရှိချက်များကို နောက်ခံထားရှိကာ မိမိတို့ယခုကျင့်သုံးလျက်ရှိသော နည်းဗျူဟာများကို လိုအပ်လျှင်လိုအပ်သလို ပြောင်းလဲ၍ ပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကုသရေးဝန်ဆောင်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းမှ တွေ့ရှိချက်များကို မည်သည့်အတိုင်းအတာအထိ ပိုမိုတိုးတက်အောင် ပြုလုပ်နိုင်ခဲ့သည်များကို သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ယခုကောက်ယူမည့် စစ်တမ်းတွင် ကျန်းမာရေးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ဆက်စပ်သည့် အချက်အလက်အကြောင်းအရာ (parameter) သစ်များကိုလည်း မဖြစ်မနေ ထည့်သွင်းရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ပြုစုထားသော သုတေသနခေါင်းစဉ်ဘဏ်မှ ယခုစစ်တမ်းနှင့် နီးနွယ်နေသည့် သုတေသနများကိုလည်း ယှဉ်တွဲ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့သော စစ်တမ်းကြီးများမှ တွေ့ရှိချက်များနှင့်ပတ်သက်၍ မိခင်၊ ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် သုတေသနများ ဆက်လက်ပြုလုပ်စေလိုပါကြောင်း၊ ယခုစစ်တမ်းကောက်ယူရာတွင် စစ်တမ်းကောက်ယူမှုနည်းစနစ်နှင့် ကောက်ယူမည့် အိမ်ထောင်စုအရေအတွက်နှင့် နေရာဒေသ သတ်မှတ်မှု (sampling method and sample size) တို့သာမက ကောက်ယူမည့်အချိန်၊ စစ်တမ်းကောက်ယူသူများကို သင်တန်းပေးခြင်း၊ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်ကို စောင့်ကြည့်ဆန်းစစ်ခြင်းတို့အားလုံးသည် ဤစစ်တမ်းကောက်ယူမှု အောင်မြင်စေရန် အရေးကြီးသည့် ကဏ္ဍများဖြစ်ပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်မှု၊ လေ့ကျင့်မှု၊ စစ်တမ်းကောက်ယူမှုစသည့် ကဏ္ဍများအားလုံးသည် တန်းတူညီမျှအရေးကြီးသည် ဆိုသည့်အချက်ကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ဦးဆောင်ကော်မတီတွင်ပါဝင်သော ဝန်ကြီးဌာန၊ ဦးစီးဌာန အသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များအနေဖြင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်လင်းစွာဖြင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ စစ်တမ်းကွင်းဆင်းကောက်ယူသူများကို လေ့ကျင့်ပေးရာတွင်လည်း ဦးစီးဌာန အသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ယခင်စစ်တမ်းကောက်ယူခဲ့ရာတွင် ပါဝင်ခဲ့သူများကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် (၂၀၂၀-၂၀၂၁) စစ်တမ်းကောက်ယူမှုမှာ လျင်မြန်ချောမွေ့ပြီး အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုများ၊ နည်းစနစ်များနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့တွင် ဟောပြောဆွေးနွေးမှုများ ဆောင်ရွက်စေလိုပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းရမည်ဖြစ်ပါကြောင်း၊ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးအတွက် စစ်တမ်းတွင်ပါရှိသော မေးခွန်းများ၏ အရည်အသွေးသည် အလွန်အရေးကြီးပြီး စစ်တမ်းမေးခွန်းများသည် ဖောင်းပွများပြားခြင်းမရှိဘဲ လိုအပ်သည့် ပမာဏအတိုင်းဖြစ်ရန် အပြန်အလှန်ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၀၂၁) သည် နိုင်ငံ၏ ရေရှည်အကျိုးအတွက် အရေးကြီးသဖြင့် အားလုံးစုစည်းညီညာစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ICF အဖွဲ့မှ Survey Manager ဖြစ်သူ Ms. Christina Whang က အမေရိကန်နိုင်ငံမှ Videoconfer-encing စနစ်ဖြင့် ပြောကြားရာတွင် USAID အဖွဲ့၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းကောက်ယူမှု စီမံကိန်းဖြင့် နိုင်ငံပေါင်း ၉၀ တွင် ဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆) ကို ကောက်ယူရာတွင် ဆောင်ရွက်ခဲ့မှုများ၊ အဆိုပါစစ်တမ်းနှင့် ယခုကောက်ယူမည့် စစ်တမ်းတို့မှ ကွာခြားချက်များ၊ ယခုကောက်ယူမည့်စစ်တမ်းတွင် ပါဝင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ အကျဉ်းချုံးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစန်းဟုန်က စစ်တမ်းကောက်ယူမှုလုပ်ငန်းအဆင့်ဆင့်အတွက် အချိန်ကာလလျာထားချက်များ၊ အကြောင်းအရာကဏ္ဍအလိုက် စစ်တမ်းမေးခွန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့မှု၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့မှုများကို တင်ပြသည်။

ဆွေးနွေးအကြံပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စစ်တမ်းကောက်ယူမှုနည်းစနစ်များ၊ စစ်တမ်းကောက်ယူမည့် နမူနာသတ်မှတ်မှု၊ ကောက်ယူမည့်အချိန်၊ စစ်တမ်းကွင်းဆင်းကောက်ယူသူ (enumerator) များကို လေ့ကျင့်ပေးရန်၊ စစ်တမ်းမေးခွန်းတွင် ဖြည့်စွက်သင့်သော အကြောင်းအရာ ကဏ္ဍများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ သုံးသပ်အကြံပေးအစည်းအဝေးများ ပြုလုပ်ရန်အတွက် အစီအစဉ်များနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးအကြံပြုခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစန်းဟုန်က အဓိကဆွေးနွေးချက်များအား အကျဉ်းချုံးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းနိုင်ငံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာန၊ ဂေဟာများနှင့် လူငယ်သင်တန်းကျောင်းတို့တွင် စောင့်ရှောက်ထားသည့် မြန်မာနိုင်ငံသား ၃၆ ဦးအား လွှဲပြောင်းလက်ခံရေး အကြိုညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနနှင့် ကလေးနှင့် လူငယ်ဦးစီးဌာနတို့လက်အောက်ရှိ ဂေဟာများနှင့် လူငယ်သင်တန်းကျောင်းတို့တွင် လက်ခံစောင့်ရှောက်ထားသည့် မြန်မာနိုင်ငံသား ၃၆ ဦးအား ဩဂုတ် ၂၈ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) (မြဝတီ-မဲဆောက်)၏ ထိုင်းနိုင်ငံဘက်တွင် လွှဲပြောင်းလက်ခံနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အသေးစိတ်ဆွေးနွေး

အစည်းအဝေးတွင် ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေအရ ထိုင်းနိုင်ငံမှ လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ် သတ်မှတ်ခဲ့သည့် လူကုန်ကူးခံရသူ ၃၂ ဦးနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူ အမျိုးသားကလေး လေးဦးအား ဩဂုတ် ၂၈ ရက်၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) (မြဝတီ-မဲဆောက်)၏ ထိုင်းနိုင်ငံဘက်တွင် နှစ်နိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခြင်း၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ လူကုန်ကူးခံရသူများအား ထောက်ပံ့ကူညီပေးရေးတို့ကို သက်ဆိုင်ရာဌာနအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အစည်းအဝေးသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF၊ IOM၊ World Vision နှင့် Save the Children တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် လူကုန်ကူးခံရသူ စုစုပေါင်း ၁၅၃ ဦးရှိကြောင်း သိရသည်။

သတင်းစဉ်

မြောက်ဥက္ကလာပမြို့နယ်၌ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဦးဆောင်၍ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံမှ မြောက်ဥက္ကလာပမြို့နယ်သို့ ဓာတ်အားပေးထားသော ၃၃ ကေဗွီ လှော်ကား-AaAb ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုး ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအေးလွင်နှင့် ဝန်ထမ်းများ၊ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ ဝန်ထမ်းများ စုစုပေါင်း ၁၃၀ ဖြင့် မြောက်ဥက္ကလာပမြို့နယ် ရပ်ကွက်အတွင်းရှိ လမ်းများ၌ အဖွဲ့များခွဲ၍ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ခုတ်ထွင်ထားသည့် သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းခြင်းကို ခရိုင်ပန်းဥယျာဉ်အဖွဲ့မှ ဝန်ထမ်းများက ပလက်ဖောင်းထရပ်တစ်စီး၊ အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် အားဖြည့်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြမြဝင်း(ပြန်/ဆက်)

ငလျင်အန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် သြဂုတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် လူနေထူထပ်သည့် မြို့ပြဒေသများတွင် ငလျင်အန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပညာရှင်များပူးပေါင်း၍ ဆောင်ရွက်မည့် ငလျင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်မှုများ ပြုလုပ်မည့် သုတေသနလုပ်ငန်းဆောင်ရွက် နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ငလျင်ကော်မတီမှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များ နှင့် ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် တည်ရှိသည့် မြို့ကြီးများအနက် လူဦးရေ ထူထပ်သည့် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများနှင့်အနီးတစ်ဝိုက်တွင် အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့ပါက အန္တရာယ်ကြီးမား စွာ ကျရောက်နိုင်သည့်အတွက် ငလျင်အန္တရာယ်ကြိုတင် ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သော မူဝါဒများနှင့် စီမံချက်များ ချမှတ်နိုင်ရေး၊ မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံများ ဖြည့်စွက် ရေးဆွဲနိုင်ရေး၊ ဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်ရာတွင် ပြည့်စုံ သည့် သတင်းအချက်အလက်များ ရရှိနိုင်ရေး၊ ငလျင် ဆိုင်ရာသတင်းအချက်အလက်များကို ပထဝီဝင် သတင်း အချက်အလက်စနစ် (GIS) အပါအဝင် မြန်မာနိုင်ငံ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ သတင်း အချက်အလက်စနစ်(မုဒြာ)ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင် ရေးအတွက် ငလျင်ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်မှုများပြုလုပ်မည့် သုတေသနတစ်ရပ်ကို ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသ နှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအောက်ရှိ အဆောက်အဦဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ငလျင်ကော်မတီတို့နှင့်အတူ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ဦးဆောင်သည့် ဂျပန်ပညာရှင်များ ပါဝင်သည့်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ဆွေးနွေး ကြသည်။

အဆိုပါ သုတေသနလုပ်ငန်းသည် မြန်မာနိုင်ငံက ရေးဆွဲပြုစုထားသည့် မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇) (MAPDRR) တွင်ပါဝင်သည့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သုတေသနကို ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးလှကျော် မြဝတီမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၈

စိုက်ပျိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သော ကိုဗစ် -၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ မျိုးစေ့ထုတ်တောင်သူများအား နိုင်ငံတော်အစီ အစဉ်ဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငါးမွေးတောင်သူ များအား ငါးသားပေါက်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကို သြဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက မြဝတီမြို့၌ ပြုလုပ် သည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြို့နယ်တာဝန်ခံနှင့် ဌာနဆိုင်ရာ များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်တို့က မြဝတီမြို့နယ် မျိုးစေ့ထုတ် ဧက ၇၀ အတွက် စိုက်ပျိုးစရိတ်နှင့် ငါးမွေးကန် ၄၆ ဒသမ ၁၄ ဧက အတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် CERP အစီ အစဉ်အရ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအား ပုဂ္ဂလိကကဏ္ဍမှ ဧက တစ်သိန်းဆောင်ရွက်နေပြီး နိုင်ငံတော်မှ တစ်ဧကလျှင် ငွေကျပ် ၁၅၀၅၀၀ ဖြင့် ဧကတစ်သိန်းအား စိုက်ပျိုးစရိတ် ထောက်ပံ့ခြင်းနှင့် ငါးမွေးကန် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ ဖြင့် ငါးမွေးကန် ဧက ၁၅၀၀၀၀ အတွက် ငါးသားပေါက်များ အား ဖြန့်ဖြူးပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြဝတီ ခရိုင် မြဝတီမြို့နယ်ရှိမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ သောင်ရင်းမြစ် ဖြတ်ကျော် မြဝတီနယ်စပ် အမှတ်(၂)ဂိတ်သို့ ရောက်ရှိ ကြပြီး အပင်နှင့်အပင်ထွက်ပစ္စည်း စစ်ဆေးရေးစခန်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးစခန်း၊ ရေထွက်ပစ္စည်းစစ်ဆေးရေးစခန်းများအား ကြည့်ရှုစစ်ဆေး သည်။

အပင်နှင့်အပင်ထွက်ပစ္စည်း စစ်ဆေးရေးစခန်းအား ကြည့်ရှုစစ်ဆေးစဉ် ပြည်ပပို့ကုန် ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေး ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ဆောင်ရွက် မည့်လုပ်ငန်းစဉ်များ၊ တင်သွင်းလာသည့် အပင်နှင့် အပင် ထွက်ပစ္စည်းများတွင် ပိုးမွှားရောဂါ ပါဝင်မှု ရှိ/မရှိစစ်ဆေး ခြင်း၊ တင်သွင်းခွင့်ရရှိပြီး အပင်နှင့် အပင်ထွက်ပစ္စည်းများ အား MACCS စနစ်ဖြင့် ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များ၊ ၂၀၁၉-၂၀၂၀ ခုနှစ် ဇူလိုင်ကုန်အထိ တင်သွင်းခွင့်လိုင်စင် (Import Certificate – IC) နှင့် ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် (Phytosanitary Certificate – PC) ထုတ်ပေးမှုနှင့် ဝင်ငွေရရှိမှုအခြေအနေများအား စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအေးကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြ သည်။

ယင်းနောက် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးစခန်းအား ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူက တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် တင်သွင်းတင်ပို့ခွင့်ဆိုင်ရာ စိစစ်ရေးလုပ်ငန်းစဉ်များ၊ အေးခဲအသားများ တရားမဝင် ဝင်ရောက်မှုဟန့်တားရေးနှင့် တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို လည်းကောင်း၊ ရေထွက် ပစ္စည်းစစ်ဆေးရေးစခန်းတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ရေထွက်ပစ္စည်းများ တင်သွင်း တင်ပို့ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ကြိုတင်ပြင်ဆင်ထားရှိမှုများအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါး RS-CS မျိုးစေ့ထုတ် ၁၀ ဧက စံပြစိုက်ခင်းကို ကြည့်ရှု စစ်ဆေးပြီး မိုးစပါးမျိုးစေ့ထုတ်တောင်သူများထံ ထောက်ပံ့ ငွေပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးနိုင်ရေး အထောက်အကူပြုသင်တန်းဖွင့်လှစ်

နေပြည်တော် သြဂုတ် ၁၈

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ် လမ်းတွဲ ရိုက်ကူးနိုင်ရေးအထောက် အကူပြုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ပိုင်းက နေပြည်တော်တပ်ကုန်းမြို့နယ် ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပသည်။

အထောက်အကူပြု

သင်တန်းဖွင့်ပွဲတွင် မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ချုပ် ဦးရဲနိုင်က မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူတို့၏ မတူ ကွဲပြားမှုများမှ ဆက်နွယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုနိုင်ရန်နှင့် စည်းလုံး ညီညွတ်မှုရရှိစေရန် ရည်ရွယ်ချက် များဖြင့် တိုင်းရင်းသားဘာသာ ၁၇ မျိုးကို မြန်မာ့အသံရေဒီယိုမှလည်း ကောင်း၊ တိုင်းရင်းသားဘာသာ ၁၁ မျိုးကို မြန်မာ့ရုပ်မြင်သံကြားမှလည်း ကောင်း ထုတ်လွှင့်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များကို အထောက်အကူပြုနိုင်မည့် တိုင်းရင်း သားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူး တင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လွှင့်နိုင်ရန် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ သင်တန်းဖွင့်လှစ်မှုတွင် နည်းပြများအဖြစ် Yangon Film School မှ ဒေါက်တာအောင်မင်း၊ ဒါရိုက်တာကြည်ဖြူသျှင်တို့ အပါအဝင် ဝါရင့်ပညာရှင် ၁၂ ဦးတို့က ပို့ချကြ မည်ဖြစ်ပြီး Film-Directing သင်တန်း ကို MRTV မှ ဝန်ထမ်း ၃၀ ဖြင့် ယခုလ ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ Technical Media Production သင်တန်းကို MRTV မှ ဝန်ထမ်း ၂၅ ဦးဖြင့် ယခုလ ၂၂ ရက်မှ ၂၆ ရက်အထိ လည်းကောင်း တက်ရောက်လေ့ကျင့်

ကြမည်ဖြစ်သည်။

ယခုသင်တန်းကို ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင် သံကြား(MRTV)နှင့် Search for Common Ground (SFCG) တို့ ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ MRTV နှင့် SFCG တို့သည် ရေဒီယိုကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် တွေးကြခေါ်ကြ ပြောင်းလဲကြ (Let's Think Let's Change) အစီအစဉ် ၁၂ ပိုင်းကိုလည်း ကောင်း၊ ၂၀၁၈ ခုနှစ်တွင် လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်အစီအစဉ် ၁၂ ပိုင်းကိုလည်းကောင်း ရုပ်မြင် သံကြားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ၂၀၁၈ ခုနှစ်တွင် "အပ်ဖျား တစ်ထောက်" အမည်ရှိ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရုပ်သံ ဇာတ်လမ်းကိုလည်းကောင်း ရိုက်ကူး ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချင်းတွင်းမြစ်ရေ ခန္တီးမြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေ

နေပြည်တော် သြဂုတ် ၁၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာ ချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ် မှ နောက်နှစ်ရက်အတွင်း နှစ်ပေခွဲ ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင် သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါ သည်။

မိုး/ဇလ

တံတားတည်ရှိရာနေရာက ဒေသခံပြည်သူလူထုတွေအနေနဲ့ အမြင်သစ်အလှရသ ခံစားရသလို သက်ဆိုင်ရာမြို့တွေအတွက် အထင်ကရ ဖြစ်ခဲ့ပါတယ်

သတင်းဆောင်းပါး- ရှင်မင်း
ဓာတ်ပုံ
မောင်ဖိုးဇော်(ကလေး)

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား၊ သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် “မြစ်ကိုမြင်လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ လမ်းများ၊ တံတားများ ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

“တံတားဦးစီးဌာနက လမ်းတွေနဲ့အတူ တံတားတွေအားလုံး အနည်းဆုံး ၂၄ ပေ အကျယ် နှစ်လမ်းသွား RC တံတား၊ PC တံတား၊ သံပေါင်တံတားအဆင့် ရောက်စေဖို့ ရည်မှန်းဆောင်ရွက်နေတယ်။ ဒီလို ဆောင်ရွက်ရာမှာ ၂၀၃၀ ပြည့်နှစ်ကို နောက်ဆုံး Target ထားပြီး ဆောင်ရွက်နေတယ်”ဟု တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောသည်။

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်ရှိ ဧရာဝတီတံတား(စင်းခန်း)၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ရတနာသိမ်တံတား၊ မကွေးတိုင်းဒေသကြီးရှိ ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား (မလွန်)၊ ရခိုင်ပြည်နယ်ရှိ စွန်ရဲတံတား၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရင့်နောင် တံတားအမှတ်(၂)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လိန်းလီတံတား၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြန်မာ-လာအိုချစ်ကြည်ရေးတံတား၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဧရာဝတီတံတား (ညောင်တုန်း)၊ ဘိုကလေးမြစ်ကူးတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတား ၁၉၉ စင်း၊ ပေ ၁၈၀ အောက်တံတားနှင့် ရေပြွန် ၄၂၂ စင်း တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အနေဖြင့် နှစ်အလိုက်တည်ဆောက်သော တံတားအရေအတွက် မကွာခြားသော်လည်း ယခုအစိုးရလက်ထက်တွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ကာ ထိုစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်နေကြောင်း သိရသည်။

“အခုက Quality Management System နဲ့ အရည်အသွေး စံချိန်စံညွှန်းတွေထားရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါကြောင့် တံတားတွေရဲ့ အရည်အသွေးတွေ သိသိသာသာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ QMS အသုံးပြုနိုင်တဲ့အတွက် တံတားခံနိုင်ရည်နဲ့ သက်တမ်းဟာ သိသိသာသာ တိုးတက်လာပြီး ရေရှည်မှာ Life Cycle Cost ဆိုတဲ့ ပြင်ဆင်ထိန်းသိမ်းမှုကုန်ကျစရိတ်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်”

ညွှန်ကြားရေးမှူးချုပ်
ဦးနေအောင်ရဲမြင့်

အင်ဂျင်နီယာချုပ်
ဦးမောင်မောင်ညွှန့်

ချောင်းကြီးရပ်ကွက်မှ
ဦးစိုးရီ

“ပြီးတော့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ရဲ့ အကြံဉာဏ်တွေနဲ့ တွန်းအားပေး တိုက်တွန်းမှုတွေကြောင့် တံတားပုံစံအမျိုးအစားသစ်တွေကို တီထွင်ဆန်းသစ်နိုင်ခဲ့ပါတယ်။ ပုံမှန်သံမဏိသံပေါင် Steel Truss တွေအစား Steel Arch တံတားပုံစံတွေ ပြောင်းလဲခဲ့တဲ့အတွက် တံတားအင်ဂျင်နီယာပညာရပ်မှာ အရွေ့သစ်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရပါတယ်။ တံတားတည်ရှိရာနေရာက ဒေသခံပြည်သူလူထုတွေအနေနဲ့ အမြင်သစ် အလှရသ ခံစားရသလို သက်ဆိုင်ရာမြို့တွေအတွက် အထင်ကရ Landmark Structure ဖြစ်ခဲ့ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ပုသိမ်တံတားအမှတ်(၂)၊ ပလက်ဝတံတား၊ စံပယ်ဂူတံတားတွေဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောပြသည်။

ယခုအစိုးရလက်ထက် တည်ဆောက်ခဲ့သော တံတားများ

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၇ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၁၂ စင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၈၉ စင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၁၃ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၂၃ စင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့် အထက် တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၇၇ စင်း တို့ကို တည်ဆောက်ခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

“၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်ကုန်မှာတော့ ပေ ၁၈၀ နဲ့အထက် တံတား ၄၃ စင်းနဲ့ ပေ ၁၈၀ အောက် တံတား ၅၇ စင်း စုစုပေါင်းတံတားအစင်း ၁၀၀ တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ တံတားတွေ တည်ဆောက်တဲ့အခါ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းအစရှိတဲ့ တည်ဆောက်ရေးသုံးပစ္စည်းတွေ အရည်အသွေးပြည့်မီမှု ရှိ/မရှိ စနစ်တကျစစ်ဆေးပြီး အသုံးပြုတည်ဆောက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာလည်း တံတားအောက်ခြေ အုတ်မြစ်လုပ်ငန်းကစပြီး အပေါ်ထည်ပိုင်းအထိ အဆင့်လိုက် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်”ဟု တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမောင်မောင်ညွှန့်က ပြောသည်။

○ တံတားဦးစီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၇ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၁၂ စင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၈၉ စင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၁၃ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၂၃ စင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၇၇ စင်းတို့ကို တည်ဆောက်ခဲ့။

○ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်ကုန်မှာတော့ ပေ ၁၈၀ နဲ့အထက် တံတား ၄၃ စင်းနဲ့ ပေ ၁၈၀ အောက် တံတား ၅၇ စင်း စုစုပေါင်းတံတားအစင်း ၁၀၀ တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ တံတားတွေ တည်ဆောက်တဲ့အခါ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းအစရှိတဲ့ တည်ဆောက်ရေးသုံးပစ္စည်းတွေ အရည်အသွေးပြည့်မီမှု ရှိ/မရှိ စနစ်တကျစစ်ဆေးပြီး အသုံးပြုတည်ဆောက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာလည်း တံတားအောက်ခြေ အုတ်မြစ်လုပ်ငန်းကစပြီး အပေါ်ထည်ပိုင်းအထိ အဆင့်လိုက် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက်ရှိ။

တံတားများ တည်ဆောက်ရာတွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အပ်နှံရန်ပုံငွေတို့ကို အသုံးပြုကာ ဘဏ္ဍာနှစ်အလိုက် တံတားဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ✪

ပုသိမ်တံတား အမှတ်(၂)လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တနင်္သာရီတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။

✪ စာမျက်နှာ ၁၀ မှ

တံတားဦးစီးဌာနသည် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သော တံတားများကို ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၇ ဒသမ ၅၇၁ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ် အပ်နှံရန်ပုံငွေကျပ် ၈၃ ဒသမ ၉၈၄ ဘီလီယံဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၃ ဒသမ ၉၃၉ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ် အပ်နှံရန်ပုံငွေကျပ် ၉၅ ဒသမ ၈၆၀ ဘီလီယံ၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇၈၇ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ် အပ်နှံရန်ပုံငွေကျပ် ၂၄ ဒသမ ၇၅၇ ဘီလီယံ၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၅ ဒသမ ၃၆၄ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ် အပ်နှံရန်ပုံငွေကျပ် ၇၀ ဒသမ ၀၁၆ ဘီလီယံ၊ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၂၁ ဒသမ ၇၄၆ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ် အပ်နှံရန်ပုံငွေကျပ် ၅၅ ဒသမ ၃၈၆ ဘီလီယံ အသုံးပြု၍ တံတားများ တည်ဆောက်ခဲ့သည်။

“နှစ်အလိုက် တည်ဆောက်ခဲ့တဲ့ တံတားတွေ ထဲမှာ ပြည်သူတွေ ထင်သာမြင်သာရှိတဲ့ တံတားကြီး တွေလည်း ပါပါတယ်။ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှာ တည်ဆောက်ခဲ့တဲ့ တံတားတွေထဲမှာဆိုရင် တံတားကြီး တွေအနေနဲ့ ကချင်ပြည်နယ်ရှိ တဝမ်တံတား ပေ ၁၂၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းတံတား(ကလေးဝ) ၂၈၀၅ ပေ၊ မွန်ပြည်နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ၅၂၀၄ ပေ၊ ရခိုင်ပြည်နယ်ရှိ တောဖျားချောင်းတံတား ပေ ၁၂၀၀ နဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ ကုက္ကိုဝတံတား ၂၂၇၉ ပေ တို့လည်း ပါဝင်ပါတယ်” ဟု တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးချောင်းတံတား ပေ ၁၃၃၀၊ မိုင်းချောင်းတံတား ပေ ၁၀၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ချီချောင်းတံတား ပေ ၁၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သကံချောင်းတံတား ပေ ၂၃၁၀ နှင့် စက်ဆန်းချောင်းတံတား ၁၇၈၂ ပေ တို့သည် ၂၀၁၇ –၂၀၁၈ ဘဏ္ဍာနှစ်တွင် တံတားဦးစီးဌာနက တည်ဆောက်ခဲ့သော တံတားများ အနက် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသည့် ပေ ၁၀၀၀ ကျော် တံတားကြီးများ ဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်း တံတား(ခန္တီး) ၂၆၅၁ ပေ နှင့် ဂျပန်နိုင်ငံ (JICA) အကူအညီဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံ တံတား (သာကေတတံတား) ပေ ၈၃၀ တို့ကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘတ်ဂျက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းတံတား (ဟုမ္မလင်း) ၂၇၆၃ ပေ၊ မကွေးတိုင်း ဒေသကြီးအတွင်း မုန်းချောင်းတံတား (ပွင့်ဖြူ) ပေ ၁၃၀၀၊ ယော(ကံတွင်း)တံတား ပေ ၉၀၀၊ မဲဇလီတံတား ပေ ၉၄၀၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဆင်တဲဝ တံတား ၉၃၅ ပေ၊ ရခိုင်ပြည်နယ်အတွင်း ကြပ်စင်တံတား ပေ ၁၉၂၀၊ ဆတ်ရိုးကျတံတား ၁၆၄၂ ပေ၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်း ငဝန်မြစ်ကူးတံတား (လေးမျက်နှာ) ၁၉၆၉ ပေ နှင့် မြောင်းမြတံတားအသစ် ၂၇၂၃ ပေ တို့ကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ဖွင့်လှစ် နိုင်ခဲ့သည်။

“၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပေ ၁၈၀ နဲ့အထက်၊ ပေ ၁၈၀ အောက်တံတား စုစုပေါင်းအစင်း ၁၀၀ တည်ဆောက်ပြီးစီးသွားမှာဖြစ်ပြီးတော့ ဒီတံတားတွေ အနက် ကယားပြည်နယ်ရှိ ကန္တာရဝတီတံတား ၃၀၅ ပေ၊ ကရင်ပြည်နယ်ရှိနောင်လုံတံတား ပေ ၄၀၀၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတား ၁၉၄၃ ပေ၊ လည်မျိုတံတား ပေ ၂၄၀၊ ဒေါင်ဗားတံတား ပေ ၂၅၀၊ တနင်္သာရီတိုင်းဒေသကြီးရှိ သမုတ်လွတ်လွတ်တံတား ၁၂၈၇ ပေ၊ ပုလုံးတုံးတုံးတံတား ပေ ၂၄၀၀၊ တနင်္သာရီတံတား ၁၄၄၄ ပေ၊ ပဲခူးတိုင်း ဒေသကြီးရှိ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) ပေ ၁၂၀၀၊ ရွှေကျင်တံတား ပေ ၁၆၈၀ က တည်ဆောက်ပြီးပါပြီ။ ဒီလိုပဲ မကွေးတိုင်းဒေသကြီးရှိ မုံးချောင်းတံတား ပေ ၁၈၀၊ ဆည်ရိုး တံတား ပေ ၁၈၀၊ မန်းချောင်းတံတား ပေ ၄၂၀၊ ဩစတြေးယား နိုင်ငံ ချေးငွေဖြင့် ရခိုင်ပြည်နယ်ရှိ ကင်းချောင်းတံတား

ကော့သောင်း–ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

၁၂၅၆ ပေ၊ (၁၅) ဧရာဝတီတိုင်းဒေသကြီးရှိ လပွတ္တာတံတား (ပင်လယ်လေး) ပေ ၁၃၄၀ တို့ တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ဆိုသည်။

တံတားများ တည်ဆောက်အကောင်အထည်ဖော် မှုကြောင့် ဆက်သွယ်သွားလာရေးသည် မခက်ခဲတော့ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံ များ၏ လူမှုစီးပွားဘဝတိုးတက်ရန် များစွာအထောက်အကူ ပြုလျက်ရှိသည်။

“ကျွန်တော်တို့ဒေသက တနင်္သာရီတံတားအဟောင်း ကို လွန်ခဲ့တဲ့နှစ် ၂၀ လောက်က တည်ဆောက်ခဲ့ပြီး ဘေလီ တံတား တစ်လမ်းသွားတံတား ဖြစ်ပါတယ်။ အဲဒီတံတား

ကျိုက်မရော–စံပယ်ဂူ–ကော့ပနော့လမ်းပေါ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ပေါ်မှာ ဖြတ်သန်းသွားလာတဲ့အခါ ၁၇ တန်၊ ၁၈ တန် လောက်ပဲ ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ကုန်စည် ပို့ဆောင်ရေးမှာလည်း အခက်အခဲဖြစ်တာ၊ နှေးကွေးတာမျိုး ကြုံတွေ့ရတာရှိပါတယ်။ တစ်ဖက်က ဖြတ်နေရင် တစ်ဖက်က ရပ်ပေးထားတဲ့ ယာဉ်သွားလာမှုမှာ နှောင့်နှေး ကြန့်ကြာမှု ရှိပါတယ်”

“အခုတော့ တံတားသစ်ကြီး တည်ဆောက်ပြီးစီး လာပြီဖြစ်တဲ့အတွက် တံတားသစ်ကြီးရဲ့ အကျိုးကျေးဇူး ကတော့ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်လာမှာဖြစ်သလို ဖြတ်သန်းသွားလာမယ့် Container / Transporter စတဲ့ ယာဉ်ကြီးတွေ သွားလာနိုင်သလို လုံခြုံမှု၊ ဘေးကင်းမှု ပိုပြီးအားကောင်းလာမှာဖြစ်ပါတယ်” ဟု တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်မှ ဦးစိုးရီက ဆိုသည်။

မွန်ပြည်နယ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတား ၂၁၁၃ ပေ၊ ချင်းပြည်နယ်ရှိ ဗားရ်အရံတံတား ၅၅၈ ပေ၊ ပဲခူးတိုင်းဒေသကြီးရှိ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) ပေ ၈၀၀၊ မကွေးတိုင်းဒေသကြီးရှိ နွယ်တမယ်တံတား ပေ ၁၄၂၀၊ ရန်ကုန်တိုင်းဒေသကြီးရှိ ပဲခူးမြစ်ကူးတံတား (ဒါးပိန်သပြု) ပေ ၁၀၅၀၊ ရှမ်း ပြည်နယ် (တောင်ပိုင်း) ရှိ မိုင်းရှူးတံတား ၄၂၇ ပေ၊ ပွန်ချောင်းတံတား ပေ ၁၉၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပုသိမ်တံတား အမှတ်(၂) ၂၃၁၈ ပေ၊ ကျွန်းပြဿဒ်တံတား ၂၃၆၃ ပေ၊ စော်ကဲတံတား ၂၄၆၁ ပေ၊ ဝါးခယ်မတံတား ပေ ၁၉၀၊ ရွှေလောင်း တံတား ပေ ၃၀၂၀ တို့သည် မကြာမီတည်ဆောက် ပြီးစီးတော့မည့် တံတားများဖြစ်သည်။

တံတားဦးစီးဌာနသည် ပဲခူးမြစ်ကူးတံတားအမှတ် (၃)၊ မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား၊ ဂျိုင်း (ကော့ကရိတ်) တံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ အတ္တရံတံတားတို့ကို ODA ချေးငွေဖြင့် တည်ဆောက်ဆဲ ဖြစ်သည်။

ထို့အတူ နိုင်ငံတကာထောက်ပံ့ငွေဖြင့် ကွမ်းလုံ တံတားသစ်ကိုလည်း တည်ဆောက်သွားရန် စီစဉ်လျက် ရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

တံတားဦးစီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသ ကြီးများရှိ တည်ဆောက်ပြီးစီးခဲ့သည့် တံတားများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက် မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာ နှစ်အတွင်း ပေ ၅၀ နှင့်အထက် တံတား ၅၄၃ စင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပေ ၅၀ နှင့် အထက်တံတား ၅၁၅ စင်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ပေ ၅၀ နှင့် အထက်တံတား ၅၃၃ စင်း နှစ်စဉ် ထိန်းသိမ်းပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“တံတားတွေ တည်ဆောက်ပြီးရင် ရေရှည်သုံးစွဲ နိုင်ဖို့အတွက် ကျွန်တော်တို့ ဦးစီးဌာနနဲ့အတူ ပြည်သူ တွေကိုပါ ပူးပေါင်းပါဝင်စေလိုပါတယ်။ တကယ်လို့ တံတားတွေမှာ အကြောင်းတစ်ခုခုကြောင့်၊ သဘာဝ ဘေးကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ရင် ကျွန်တော်တို့ ဦးစီးဌာနကို ပြည်သူတွေအနေနဲ့ အမြန်ဆုံးအကြောင်း ကြားစေလိုပါတယ်။ သိသိချင်း ကျွန်တော်တို့အနေနဲ့ ပြုပြင်သွားမှာပါ။ ဒါမှသာ ရေရှည်သုံးစွဲနိုင်တဲ့ တံတား တွေ ဖြစ်မှာပါ”ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင် ရဲမြင့်က ဆိုသည်။

တံတားများကို ပုံမှန်စစ်ဆေးခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် အရေးပေါ်စစ်ဆေးခြင်းတို့ကို သတ်မှတ်အချိန်ကာလနှင့်အညီ တံတားဦးစီးဌာန ထိန်းသိမ်းရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တံတားဦးစီးဌာနအနေဖြင့် သဘာဝဘေး အန္တရာယ်များကျရောက်၍ တံတားများ ပျက်စီးမှုဖြစ်ပေါ် လာပါက အချိန်နှင့်တစ်ပြေးညီ လတ်တလော ဆောင်ရွက် ရမည့် လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်း များကို သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာ ကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် တံတားနှင့်လမ်းများပျက်စီးပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ပါက ဘေလီသံပေါင်ဖြင့် ယာယီတံတားများ ထိုးပေးရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တံတား အထူးအဖွဲ့များတွင် ဘေလီများ ကြိုတင်စုဆောင်းထားရှိ ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။ ။

○ နှစ်အလိုက် တည်ဆောက်ခဲ့တဲ့ တံတားတွေထဲမှာ ပြည်သူတွေ ထင်သာမြင်သာရှိတဲ့ တံတားကြီးတွေလည်း ပါပါတယ်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ တည်ဆောက်ခဲ့တဲ့ တံတားတွေထဲမှာဆိုရင် တံတားကြီးတွေအနေနဲ့ ကချင်ပြည်နယ်ရှိ တဝမ်တံတား ပေ ၁၂၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းတံတား(ကလေးဝ) ၂၈၀၅ ပေ၊ မွန်ပြည်နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ၅၂၀၄ ပေ၊ ရခိုင်ပြည်နယ်ရှိ တောဖျားချောင်းတံတား ပေ ၁၂၀၀ နဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ ကုက္ကိုဝတံတား ၂၂၇၉ ပေ တို့လည်းပါဝင်။

○ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးချောင်းတံတား ပေ ၁၃၃၀၊ မိုင်းချောင်းတံတား ပေ ၁၀၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ချီချောင်းတံတား ပေ ၁၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သကံချောင်းတံတား ပေ ၂၃၁၀ နှင့် စက်ဆန်းချောင်းတံတား ၁၇၈၂ ပေ တို့သည် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် တံတားဦးစီးဌာနက တည်ဆောက်ခဲ့သော တံတားများအနက် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသည့် ပေ ၁၀၀၀ ကျော် တံတားကြီးများဖြစ်။

ကြေးမုံ

ကိုဗစ်-၁၉ ရောဂါကြောင့် စိုးရိမ်မှုမြင့်မားနေစဉ် တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ ပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ် ဩဂုတ် ၁၈

တောင်ကိုရီးယားနှင့် အမေရိကန်တို့ပူးပေါင်းတပ်ဖွဲ့ဝင်များသည် မကြာသေးမီက ပြန်လည်ဖြစ်ပွားလာသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ စိုးရိမ်မှုမြင့်မားနေသည့်ကြားက ၎င်းတို့၏ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယနေ့ စတင်လိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားပိုင် ယွန်ဟပ်သတင်း အေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့သည် ယနေ့ နံနက်ပိုင်းမှ စတင်ခဲ့သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အပိုင်းနှစ်ပိုင်းခွဲ၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမပိုင်း စစ်ရေးလေ့ကျင့်မှုတွင် ကာကွယ်ရေးဆိုင်ရာ လေ့ကျင့်မှုများကို အဓိကဦးတည်ပြီး လေ့ကျင့်သွားမည် ဖြစ်ကာ ဩဂုတ် ၂၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ဒုတိယပိုင်း စစ်ရေးလေ့ကျင့်မှုတွင် ရန်သူများအား တန်ပြန်တိုက်ခိုက်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုကို အဓိကရည်ရွယ်ပြီး လေ့ကျင့်သွားမည် ဖြစ်ကာ ဩဂုတ် ၂၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့သည် နွေရာသီကာလ နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုကို မူလက ဩဂုတ် ၁၆ ရက်မှစ၍ ပြုလုပ်ရန် ရက်သတ်မှတ်ထားသော်လည်း အဆိုပါ စစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်ရမည့် တောင်ကိုရီးယား တပ်မတော်အရာရှိတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရခြင်းကြောင့် ယင်းစစ်ရေးလေ့ကျင့်မှု စတင်သည့်အချိန် နှောင့်နှေးကြန့်ကြာခဲ့ခြင်းဖြစ်သည်။

ဆိုးလ်မြို့နှင့် အနီးဝန်းကျင် ဂျောင်ဂီပြည်နယ်တို့ရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၌ ဝတ်ပြုဆုတောင်းပွဲ အစီအစဉ်များနှင့် ဆက်စပ်သည့် အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ဆိုးလ်မြို့၌ ပြီးခဲ့သည့် ငါးရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၉၁ ဦး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော်တောင်ကိုရီးယားနှင့်အမေရိကန်တပ်ဖွဲ့သည် ၎င်းတို့၏ နွေဦးရာသီ နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုကိုမူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မည်ကို စိုးရိမ်သောကြောင့် ဖျက်သိမ်းလိုက်သည်။

တောင်ကိုရီးယားတပ်မတော်သည် တပ်စခန်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ဩဂုတ် ၁၉ ရက်မှစ၍ တပ်မတော်သားအားလုံးကို အားလပ်ရက် အပန်းဖြေရန်နှင့် အခြားအစီအစဉ်များဖြင့် စစ်တန်းလျားမှ ထွက်ခွာခြင်းမှ တားမြစ်ထားရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ အပြင်ထွက်ခွင့် တားမြစ်မှုသည် ယခုလကုန်အထိ ဆက်လက်အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ဆူဒန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်သူ ၂၂၀၀၀၀ နီးပါး ရေဘေးဒဏ် ခံစားခဲ့ရ

ကုလသမဂ္ဂ ဩဂုတ် ၁၈

ဆူဒန်နိုင်ငံ၌ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံ၏ ပြည်နယ် ၁၈ ခုမှ ပြည်သူ ၂၂၀၀၀၀ နီးပါးသည် ရေဘေးဒဏ်ကို ခံခဲ့ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ဩဂုတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အိမ်ခြေ ၂၀၀၀၀ ကျော်သည် ပျက်စီးမှုရှိခဲ့ပြီး အခြားသော အိမ်ခြေ ၂၀၀၀၀ ခန့်မှာ လုံးဝပျက်စီးသွားခဲ့ကြောင်း စတီဖန်ဒူဂျာရစ်က ပုံမှန်ပြုလုပ်နေကြဖြစ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၂၉ ရက်ကလည်း ဘလူးနိုင်းလ်ပြည်နယ်ရှိ ဘောက်အာ့သ်တမံ ကျိုးပျက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူတစ်သိန်းခန့်မှာ ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရကြောင်းနှင့် အစိုးရနှင့် ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများကလည်း ပလတ်စတစ်အခင်းများ၊ ရွက်ဖျင်တဲများ၊ ဆေးဝါးများ၊ ရေသန့်စက်များနှင့် ခြင်ထောင်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း ဒူဂျာရစ်က ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အေဂျင်စီများနှင့် ကုလသမဂ္ဂ၏ မိတ်ဖက်အဖွဲ့အစည်းများက မိုးမကျမီကာလကတည်းက ဆူဒန်ပြည်သူ ၂၅၀၀၀၀ အတွက် အထောက်အပံ့များကို ပြင်ဆင်ထားခဲ့သည့်အတွက်လည်း လျင်မြန်သည့် ကူညီထောက်ပံ့ရေး တုံ့ပြန်မှုများကို တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းလည်း ဒူဂျာရစ်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

လုပ်ငန်းခွင်များတွင် နှာခေါင်းစည်းဝတ်ဆင်ရန် ပြင်သစ်အမိန့်ထုတ်ပြန်

ပါရီ ဩဂုတ် ၁၈

နိုင်ငံတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေသဖြင့် လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများအား နှာခေါင်းစည်းဝတ်ဆင်ရန်အမိန့်ကို ပြင်သစ်အစိုးရက ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အများပြည်သူဆိုင်ရာ နေရာများနှင့် အစည်းအဝေးများတွင် နှာခေါင်းစည်းများဝတ်ဆင်ရန် အလုပ်သမားဝန်ကြီး အလစ်ဇဘက်ဘွန်က ညွှန်ကြားချက်ထုတ်ခဲ့သည်။ ယင်းထုတ်ပြန်သောအမိန့်အရ အစည်းအဝေးခန်းများ၊ စင်္ကြံလမ်းများနှင့် လမ်းမများတွင် နှာခေါင်းစည်းဝတ်ဆင်ရမည်ဖြစ်သည်။ ယခုသီတင်းပတ်ကုန်မှ စတင်ပြီး လုပ်ငန်းခွင်များတွင် နှာခေါင်းစည်း ဝတ်ဆင်ရမည်ဟု ပြင်သစ်ကျန်းမာရေးကောင်စီက ပြောကြားခဲ့သည်။

အနီရောင်အဆင့် သတ်မှတ်

နိုင်ငံအတွင်း နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၃၀၀၀ ရှိခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေသဖြင့် နှာခေါင်းစည်း ဝတ်ဆင်ရေးကို အလုပ်သမား အဖွဲ့အစည်းများက လုပ်သားများအား ပြောကြားခဲ့သည်။ ပြင်သစ်တွင် ဩဂုတ် ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၄၉၃ ဦး တွေ့ရှိခဲ့သည်။ ပဲရစ်နှင့် မာဆေးမြို့တို့အား ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုဆိုင်ရာ အနီရောင်အဆင့် သတ်မှတ်ထားသည်။

ပြင်သစ်သည် ဥရောပတိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်သော်လည်း အသွားအလာကန့်သတ်မှုကို အပြည့်အဝချမှတ်ရန် မဆောင်ရွက်ခဲ့ခြင်းမှာ နိုင်ငံ၏စီးပွားရေးကျဆင်းမည်ကို တာဝန်ရှိသူများက စိုးရိမ်သောကြောင့်ဖြစ်သည်။ လုပ်ငန်းခွင်များတွင်ရှိသော အချို့အလုပ်သမားများက ၎င်းတို့အချင်းချင်း ဆက်သွယ်ရာတွင် နှာခေါင်းစည်းများက အတားအဆီးဖြစ်သည်ကို စိုးရိမ်နေကြသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

ကမ္ဘာတစ်ဝန်း
ကိုဗစ်-၁၉ ရောဂါဆိုင်ရာ
နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၂၂၁၀၂၅၇၃ ဦး

သေဆုံးသူ ၇၇၈၃၆၃ ဦး

ပြန်လည်ကျန်းမာလာသူ ၁၄၈၄၀၂၈၀ ဦး

လာအိုနိုင်ငံ၌ ဇန်နဝါရီလမှစတင်ကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၀၂၅ ဦးရှိ

ဗီယန်ကျင်း ဩဂုတ် ၁၈

လာအိုနိုင်ငံ၌ ဇန်နဝါရီလမှစတင်ကာ ဩဂုတ် ၁၈ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၀၂၅ ဦးရှိပြီး သေဆုံးသူ ကိုးဦးရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ယနေ့ဖော်ပြထားသည်။

လာအိုနိုင်ငံ၏ မြို့တော် ဗီယန်ကျင်းသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၅၄ ဦးဖြင့် ဖြစ်ပွားသူအရေအတွက် အများဆုံးစံချိန်တင်ခဲ့ကြောင်း လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗက်သ်ဆောက်သာနီရာဖေးက ဩဂုတ် ၁၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဘိုလီခမ်ဇေးပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၉၅ ဦး၊ ဗီယန်ကျင်းပြည်နယ်တွင် ၅၆၃ ဦးနှင့် ဆာဗန်နာခက်ပြည်နယ်တွင် ၄၆၂ ဦး အသီးသီးဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

လာအိုနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် မိသားစုတိုင်းအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအကူအညီဖြစ်စေရန် ရေတကောင်းများနှင့် ပန်ကန်ခွက်ယောက်များထဲတွင် ကြာရှည်စွာ ရေသိုလှောင်ခြင်းကို ရှောင်ရှားသင့်ကြောင်းလည်း ဆီဆာဗက်သ်ဆောက်သာနီရာဖေးက အကြံပြုထားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကူးစက်မြန်ရောဂါများအနက် တစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ကူးစက်မှုများရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

■

စပိန်ဘုရင်ဟောင်း ယွမ်ကားလို့စ် ယူအေအီး၌ နေထိုင်လျက်ရှိကြောင်း စပိန်တော်ဝင်နန်းတော်က အတည်ပြုပြောကြား

မက်ဒရစ် ဩဂုတ် ၁၈

စပိန်ဘုရင်ဟောင်း ယွမ်ကားလို့စ်သည် ဩဂုတ် ၃ ရက်ကတည်းက အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တွင် နေထိုင်လျက်ရှိကြောင်း စပိန်တော်ဝင်နန်းတော်က အတည်ပြုပြောကြားခဲ့ပြီး ယွမ်ကားလို့စ် မည်သည့်နေရာတွင် ရှိနေသည်ဆိုသည့် ထင်မြင်ယူဆချက်များကိုလည်း အဆုံးသတ်သွားစေခဲ့ကြောင်း သိရသည်။

စပိန်ဘုရင်ဟောင်း ယွမ်ကားလို့စ်သည် အကျင့်ပျက်ခြစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများဖြင့် ရင်ဆိုင်နေရစဉ်တွင် စပိန်နိုင်ငံမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ အသက် ၈၂ နှစ်အရွယ်ရှိ ယွမ်ကားလို့စ်သည် ဩဂုတ် ၃ ရက်တွင် ယူအေအီးသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ယွမ်ကားလို့စ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ သို့ရာတွင် အခြားသော အသေးစိတ်အချက်အလက်များကိုမူ အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။

ယွမ်ကားလို့စ်သည် လွန်ခဲ့သည့်ခြောက်နှစ်အကြာက နန်းလွှဲခဲ့သည့် သားဖြစ်သူ ဖိလစ်ထံသို့ စာတစ်စောင် ပေးပို့ခဲ့ကြောင်းလည်း ယခုလအစောပိုင်းက ကြေညာခဲ့သည်။ ကနဦးတွင်မူ ယွမ်ကားလို့စ်သည် ဒိုမီနီကန်သမ္မတ နိုင်ငံသို့ ခရီးသွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် စပိန်မီဒီယာများက ယွမ်ကားလို့စ်သည် ယူအေအီးနိုင်ငံ၏မြို့တော် အဘူဒါဘီသို့ ရောက်ရှိနေကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ယွမ်ကားလို့စ်သည် လက်ရှိအချိန်တွင် ယူအေအီးနိုင်ငံ နန်းတော်တွင်ရှိနေသည် သို့မဟုတ် ယူအေအီးနိုင်ငံ၏ မည်သည့်နေရာတွင် ရှိနေသည်တို့နှင့်စပ်လျဉ်း၍ စပိန်အစိုးရက အတည်ပြုပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။ ယွမ်ကားလို့စ်သည် စပိန်ဘုရင်အဖြစ် နှစ်ပေါင်း ၄၀ နီးပါး နန်းစံခဲ့ကာ ၂၀၁၄ ခုနှစ်တွင် နန်းစွန့်ခဲ့ပြီး သားဖြစ်သူ ဖိလစ်ထံ ထီးနန်းလွှဲအပ်ခဲ့ခြင်းဖြစ်သည်။

စပိန်ဘုရင်ဟောင်း ယွမ်ကားလို့စ်သည် စပိန်နိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်းကာလအတွင်း သမီးဖြစ်သူ၏ခင်ပွန်း ပါဝင်ပတ်သက်နေသော အကျင့်ပျက်ခြစားမှုနှင့် အငြင်းပွားဖွယ်ရာ ဆင်အမဲလိုက်ခြင်းတို့နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုခံခဲ့ရပြီးနောက် ထီးနန်းစွန့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – အလင်းသစ်

စီးပွားရေးထိခိုက်မှုကြောင့် သွားလာမှုကန့်သတ်ချက် ဖိလစ်ပိုင်နိုင်ငံ ဖြေလျှော့မည်

မနီလာ ဩဂုတ် ၁၈

ပြည်တွင်းစီးပွားရေး ပြန်လည်သက်ဝင်လာစေမည့် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဩဂုတ် ၁၉ ရက်မှစ၍ ဖိလစ်ပိုင်အစိုးရက မနီလာမြို့တွင်းနှင့် ပတ်ဝန်းကျင်၌ ကိုရိုနာဗိုင်းရပ်စ် သွားလာမှုကန့်သတ်ချက် ဖြေလျှော့မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ ဆက်လက်မြင့်တက်နေစဉ် အစိုးရက သွားလာမှုကန့်သတ်ချက် ဖြေလျှော့ရန်စီစဉ်ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးကျဆင်းခဲ့ပြီး လူအများအပြား အလုပ်လက်မဲ့ဖြစ်ခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ ရော့ဒရီဂိုဒူတာတေးက ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ပြောကြားခဲ့သည်။ သွားလာမှုကန့်သတ်ချက်ကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံသားများ၊ ကုမ္ပဏီများကို လျော်ကြေးပေးရန် အစိုးရက မတတ်နိုင်တော့ကြောင်း ၎င်းက ပြောသည်။

ပြီး၊ ဇွန်လအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၁၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ၁၉၈၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံက ဇွန်လနောက်ပိုင်း သွားလာမှုကန့်သတ်ချက်များ တဖြည်းဖြည်း ဖြေလျှော့လျက်ရှိသည်။ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် ဩဂုတ် ၄ ရက်အထိ မနီလာမြို့တော်နှင့် ပြည်နယ်လေးခုတွင် အပျော်ခရီးတိုထွက်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ခဲ့သည်။

အဆိုပါဒေသများရှိ စီးပွားရေးလုပ်ငန်းအများစု အနေဖြင့် ဩဂုတ် ၁၉ ရက်မှစ၍ ပုံမှန်လုပ်ငန်းလည်ပတ်မှုများ ပြန်လည် စတင်နိုင်တော့မည်ဖြစ်သည်။

ကိုးကား –အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး

တိုကျိုမြို့တော်၌ အပူလျှပ်မှုကြောင့် ယခုလအတွင်း ၇၉ ဦးသေဆုံး

တိုကျို ဩဂုတ် ၁၈

ဂျပန်နိုင်ငံမြို့တော် တိုကျို၏ ဧရိယာအတွင်းတွင် အပူလျှပ်မှုကြောင့် သေဆုံးသူဦးရေသည် ယခုလအတွင်း ၇၉ ဦးရှိခဲ့ကြောင်း မြို့တော်အာဏာပိုင်များက ပြောကြားသည်။

အပူလျှပ်မှုကြောင့် သေဆုံးသူများမှာ အသက် ၅၀ မှ ၉၀ အကြားရှိသူများဖြစ်ပြီး သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းမှာ အသက် ၇၀ မှ ၉၀ အတွင်းရှိသူများဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာစစ်ဆေးရေးရုံးက ပြောကြားသည်။

တိုကျိုမြို့တွင် ဩဂုတ် ၁၄ ရက်အထိ ခြောက်ရက်တာကာလအတွင်း အပူလျှပ်မှုကြောင့် သေဆုံးသူ ၂၇ ဦးရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ညွှန်ကြားထား

ပြည်သူများအား ၎င်းတို့၏ နေအိမ်များတွင် လေအေးပေးစက် တပ်ဆင်ထားရန်နှင့် ရေမကြာခဏ သောက်သုံးရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – ဇော်ဝင်း

■

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကာဘူး၌ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွား

ကာဘူး ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ၏ ၁၀၁ နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကျင်းပရန် နိုင်ငံတစ်ဝန်း၌ ပြင်ဆင်မှုများ ပြုလုပ်နေချိန်တွင် ယနေ့ နံနက်ပိုင်းက မြို့တော်ကာဘူးရှိ သံတမန်ရပ်ကွက်အတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် လူအသေအပျောက်များ ရှိနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်တွင် အမှတ် ၁၇ နှင့် အမှတ် ၈ ရဲတပ်ဖွဲ့နယ်မြေဘက်မှ ဆီဒင်ကားနှစ်စီးပေါ်မှ မြို့တော်ကာဘူးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များအား သတင်းမီဒီယာများသို့ အသိပေးသွားမည်ဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တာရက်အာရင်က တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဒုံးကျည်များ ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အစီးရေများစွာ ထိခိုက်ပျက်စီးခဲ့ပုံကို အာဖဂန်အစိုးရရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ သုံးဦးထက်မနည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

နိုင်ငံခြားသံရုံးများနှင့် အစိုးရရုံးအဆောက်အအုံ အများအပြားတည်ရှိသည့် ဝါဇီယာအယ်လ်ယာခန်ရပ်ကွက်တွင်းရှိ အမှတ် ၁၅ လမ်းပေါ်တွင် ကြီးမားသည့် ပေါက်ကွဲသံတစ်ကြိမ်ကြားခဲ့ရပြီး ၎င်းရပ်ကွက်အား ပိတ်ထားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသည့် မီးခိုးလုံးများ ကောင်းကင်အနှံ့တွင် မြင်တွေ့ရပြီး ထိတ်လန့်တုန်လှုပ်ဖွယ်ရှိကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြပြီး ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း လတ်တလောတွင် ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဇော်ဝင်း

ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၀ တွေ့ရှိ

ဒါကာ ဩဂုတ် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၀ ယနေ့ ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၂၃၄၄ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၄၆ ဦး ယနေ့ ထပ်မံသေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၄၀ ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိရာ လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း၌ လူဦးရေ ၁၄၆၃၀ တို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၃၂၃၄ ဦးသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၆၂၈၂၅ ဦး ရှိလာကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိသေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး၏ ၁ ဒသမ ၃၂ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ ၅၇ ဒသမ ၆၇ ရာခိုင်နှုန်းခန့်ရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံအကြား မလေးရှားပိုင်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၁ ဒသမ ၇၄ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း)များအား ရခိုင်ပြည်နယ် ကျိန္တလီမြို့အနီး ရေပြင်၌ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၈

မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ မလေးရှားပိုင်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၁ ဒသမ ၇၄ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း)များအား ရခိုင်ပြည်နယ် ကျိန္တလီမြို့အနီးရေပြင်၌ ဩဂုတ် ၁၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ ကျိန္တလီနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကျိန္တလီမြို့ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ မောင်းဒေါက်ချောင်းဝ အနီး မသင်္ကာဖွယ် ကျောက်ချရပ်နားထားသည့် စက်လှေတစ်စင်းအား စစ်ဆေးရှာဖွေရာ စက်လှေအတွင်းမှ ဆာလာအိတ် ၆၁ အိတ်ဖြင့် ထည့်ထားသည့် အိုက်စ်(မက်အဖက်တမင်း) ကီလို ၁၃၈၀ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် မသင်္ကာဖွယ်စက်လှေအနီး ချဉ်းကပ်စဉ် ၎င်းစက်လှေပေါ်မှ အမျိုးသားငါးဦး ရေထဲခုန်ချ ထွက်ပြေးသဖြင့် ကျိန္တလီမြို့တွင်းနှင့် သံတွဲ-ကျိန္တလီသွား ကားလမ်းမပေါ်တွင် ပိတ်ဆို့စစ်ဆေးခဲ့ရာ ယင်းနေ့ ညနေ ၅ နာရီခန့်တွင် သံတွဲ-ကျိန္တလီကားလမ်းပေါ်၌ ဟွန်ဒိုင်း လိုက်ထရပ် အမျိုးအစားယာဉ်ပေါ်မှ ကျော်မိုးဆွေ၊ ဖြိုးမင်းအောင်၊ စန်းလင်းနှင့် ထွန်းထွန်းဝင်းတို့အား လည်းကောင်း၊ ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ဂွမြို့နယ် စမ်းချောင်းကျေးရွာအနီး၌ မောင်ပု(ခ)လှငွေအား လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ သံတွဲမြို့နယ် ကင်းမော်ရွာအနီး ရေပြင်တွင် မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် စက်လှေတစ်စင်းပေါ်မှ ယခုဖမ်းဆီးရမိသည့် စက်လှေပေါ်သို့ မူးယစ်ဆေးဝါးများ လွှဲပြောင်းတင်ဆောင်ခဲ့ပြီး မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ ရေပြင်သို့ ပို့ဆောင်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ စက်လှေအား ကြီးကြပ်၍ မူးယစ်ဆေးဝါးများ တာဝန်ခံသယ်ဆောင်လာသူမှာ ထွန်းထွန်းဝင်းဖြစ်ကြောင်း၊ ပင်လယ်ပြင် အတွင်း လှိုင်းလေပြင်းထန်နေသဖြင့် မောင်းဒေါက်ချောင်းဝအနီး ကျောက်ချရပ်နားနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိကြောင်းနှင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သိမ်းဆည်းရမိသည့် အိုက်စ်(မက်အဖက်တမင်း)များ၊ ပြစ်မှုကျူးလွန်သူများနှင့် အသုံးပြုစက်လှေတို့ကို တွေ့ရစဉ်။

သီပေါ၌ အသံဆူညံစွာ မောင်းနှင်ခဲ့သည့် ဆိုင်ကယ်သမားများအား ဒဏ်ငွေချမှတ်

သီပေါ ဩဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ် မျိုးကျော်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်ထိန်းရဲ တပ်စိတ်သီပေါမှ ရဲတပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များအတွင်း အများပြည်သူတို့ နားမခံသာအောင် ဆိုင်ကယ်ပါဝါအိတ်ဇောများဖြင့် အိတ်ဇောဖွင့်မောင်းနှင်သူများအား ယမန်နေ့ ညပိုင်းက သီပေါမြို့လယ် စာတိုက်လမ်းဆုံ၌ စစ်ဆေးခဲ့ရာ အသံထိန်းကိရိယာမပါဘဲ မောင်းလာကြသည့် ဆိုင်ကယ် ၁၆ စီးကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါဆိုင်ကယ် ၁၆ စီးအား ချလန်ဖြတ်သိမ်းဆည်းပြီး ယနေ့တွင် သီပေါမြို့နယ်တရားရုံးသို့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ(၈၇)အရ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးက ဒဏ်ငွေကျပ်သုံးသောင်းစီ ချမှတ်ခဲ့သည်။

သီပေါကိုလတ်

ဘုတ်ပြင်းမြို့နယ် ရွာသစ်ကျေးရွာ၌ ဘိန်းစာပင်များအား မီးရှို့ဖျက်ဆီး

ထားဝယ် ဩဂုတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးဦး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ရေငံကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ဘုတ်ပြင်းမြို့နယ် ရွာသစ်ကျေးရွာ တောင်ပြိုချောင်း(ဒေသအခေါ်)တွင် ဦးအိုတုန်း(ခ) ဦးအိုကုန်းသည် ဘိန်းစာပင်များ စိုက်ပျိုးထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ၎င်း၏ဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသော လုံးပတ်တစ်ပေ၊ အမြင့် ၁၈ ပေရှိ ဘိန်းစာပင် ၄၀ အား တွေ့ရှိရသဖြင့် အဆိုပါအပင်များအား ခုတ်ထွင်ရှင်းလင်း မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဦးအိုတုန်း(ခ)ဦးအိုကုန်း၏ ဥယျာဉ်ခြံနှင့် ကပ်လျက် ဦးဆန်းသစ်၏ ဥယျာဉ်ခြံအတွင်း ဆက်လက်ရှာဖွေစစ်ဆေးရာ လုံးပတ် ခုနစ်လက်မ၊ အမြင့် ၁၅ ပေရှိ ဘိန်းစာပင် ၁၀၀ အား ရှာဖွေတွေ့ရှိသဖြင့် ခုတ်ထွင်ရှင်းလင်း မီးရှို့ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ပြီး ၎င်းတို့ နှစ်ဦးအား ဘုတ်ပြင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သတင်းစဉ်

ဘုတ်ပြင်း၊ ကွတ်ခိုင်နှင့် တောင်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၈

ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာ လမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်နိုင်ဝင်း(ခ) မတ်ဟူရှင်(ခ)မတ်ရှင်နှင့် အောင်နိုင်တူး(ခ)မန်ဂျားလာ တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၂၈ ပြားကို လည်းကောင်း။

အလားတူ ယမန်နေ့ ညပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် လားရှိုး-မူဆယ်သွားကားလမ်းတွင် ချိန်စောကြူ (ခ)အားယုံ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်ပန်းခြံအနီးတွင် ပြည့်ဖြိုးဦး မောင်းနှင်ပြီး ကျော်သူဟိန်း (ခ)ပိုးယား လိုက်ပါလာသော Mark II ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၂ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၁ စီး၊ သွင်းကုန် ၃၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၂၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်း တန်ဖိုးငွေ ကျပ် ၃ ဒသမ ၈၄၀ သန်း)တန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Brightening Body Serum အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	ဆေးအမည်	ဆေးဝါးပုံစံ	ထုတ်လုပ်/ ဖြန့်ချိဌာန	ရောနှောသည့် အနောက်တိုင်းဆေး
၁။	ကြယ်ဖြူ	လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး	ဆေးမှုန့်/ ထုပ်	ကြယ်ဖြူဆေးတိုက်၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။	Diclofenac Paracetamol
ဘေးထွက်ဆိုးကျိုးများအနေဖြင့် ခါတ်မတည့်ခြင်း၊ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ရင်ပူခြင်း၊ မျက်စိအမြင်ဝါးခြင်း၊ ဗိုက်နာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း သွေးကြောပေါက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ အသားဝါခြင်း၊ သွေးကြောတွင်းသွေးခဲခြင်းနှင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းစသည်တို့ ဖြစ်စေနိုင်ပါသည်။					

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

Diclofenac နှင့် Paracetamol ရောနှောသည့် ဆေးထုပ်နမူနာ

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်
၈၁
ရက်သာ
လိုတော့သည်။

အထွေထွေရွေးကောက်ပွဲကို
၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -
- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ ညှိုးငယ်ဝေဟာပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဝိဇ္ဇာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

နတ်မောက်မြို့၌ မဲဆန္ဒရှင်စာရင်းများမှ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားသူများကို ပြင်ဆင်ပေးလျက်ရှိ

နတ်မောက် ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားသူများအား ယနေ့နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မဲစာရင်းထည့်သွင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက တင်ပြလျှောက်ထားလာသော အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားလာသူ ၅၂၂ ဦး၊ မဲစာရင်းတွင် မပါအဝင်သင့်သူများပါဝင်နေ၍ ပုံစံ(၄) ဖြင့် လာရောက်ကန့်ကွက်သူ ၃၃၅ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်လွှာ ပုံစံ(၄-က) ဖြင့်လျှောက်ထားသူ ၅၇၆ ဦး ရှိရာမဲစာရင်းတွင် မဲစာရင်းထည့်သွင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၄ ရက်မှ ၃၀ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ

နေပြည်တော် ဩဂုတ် ၁၈

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးရန်အတွက် ဓာတ်ခွဲနမူနာများရယူပြီး နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ Cobas 6800 ရောဂါရှာဖွေစက်ဖြင့် ဩဂုတ် ၁၇ ရက်တွင် စစ်ဆေးခဲ့ရာ ယင်းတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ (မရှိ) ကြောင်း ဖော်ပြပါရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၃၇၇၄၉	၃၇၆

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၃၃၁	၆

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၈၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၂၈ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထားရှိ)

◆ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၈၇	၅
၂	ချင်း	၁၇	
၃	ရခိုင်	၁၇	
၄	ပဲခူး	၉	၁
၅	စစ်ကိုင်း	၉	
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
စုစုပေါင်း		၃၇၆	၆

◆ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန   ၁၈–၈–၂၀၂၀ ရက်၊ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၅၆၁၃၃၅၇	၂၉၇၄၇၈၈	၁၇၃၇၇၈
၂။	ဘရာဇီး	၃၃၆၃၂၃၅	၂၄၇၈၄၉၄	၁၀၈၆၅၄
၃။	အိန္ဒိယ	၂၇၂၄၆၄၂	၁၉၉၇၉၁၈	၅၂၁၅၃
၄။	ရုရှား	၉၃၂၄၉၃	၇၄၂၆၂၈	၁၅၈၇၂
၅။	တောင်အာဖရိက	၅၈၉၈၈၆	၄၇၇၆၇၁	၁၁၉၈၂
၆။	ပီရူး	၅၄၁၄၉၃	၃၇၀၇၁၇	၂၆၄၈၁
၇။	မက္ကဆီကို	၅၂၅၇၃၃	၃၅၉၃၄၇	၅၇၀၂၃
၈။	ကိုလံဘီယာ	၄၇၆၆၆၀	၃၀၁၅၂၅	၁၅၃၇၂
၉။	ချီလီ	၃၈၇၅၀၂	၃၆၀၃၈၅	၁၀၅၁၃
၁၀။	စပိန်	၃၈၂၁၄၂	စိစစ်ဆဲ	၂၈၆၄၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဖိလစ်ပိုင်	၁၆၉၂၁၃	၁၁၂၈၆၁	၂၆၈၇
၂။	အင်ဒိုနီးရှား	၁၄၃၀၄၃	၉၆၃၀၆	၆၂၇၇
၃။	စင်ကာပူ	၅၅၉၃၈	၅၂၃၅၀	၂၇
၄။	မလေးရှား	၉၂၁၉	၈၉၀၂	၁၂၅
၅။	ထိုင်း	၃၃၈၁	၃၁၉၈	၅၈
၆။	ဗီယက်နမ်	၉၈၉	၅၂၀	၂၅
၇။	မြန်မာ	၃၇၆	၃၃၁	၆
၈။	ကမ္ဘောဒီးယား	၂၇၃	၂၃၈	၀
၉။	ဘရူနိုင်း	၁၄၂	၁၃၉	၃
၁၀။	လာအို	၂၂	၁၉	၀

❖ ကျောဖုံးမှ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၂၄၇ ဦးအား ကယ်ဆယ်ရေးလေယာဉ်/ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်က ငွေကျပ် ၂၀၀၀၀ ထောက်ပံ့

ဆီဆိုင် ဩဂုတ် ၁၈

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားသောက်ရေး အဆင်ပြေစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်က ငွေကျပ် ၂၀၀၀၀ ကို ထောက်ပံ့ပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများထံသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်နှင့် တာဝန်ရှိသူများက တဘက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၂၈၂ စု၊ လူဦးရေ ၁၁၂၈ ဦးခန့်အတွက် အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်တွင် ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၇၈၄ စု၊ လူဦးရေ ၁၆၁၃၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

စေတုတ္တရာမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့

စေတုတ္တရာ ဩဂုတ် ၁၈

စေတုတ္တရာမြို့နယ် သံဆည်ကျေးရွာအုပ်စု၌ သံဆည်ကျေးရွာ၊ ငါးမကျေးရွာ၊ မကြီးစုကျေးရွာနှင့် ကြီးအုံကျေးရွာတို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်စားစုစုပေါင်း ၂၉၈ ဦးတို့အား နိုင်ငံတော်အစိုးရက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ခဲ့ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ထွန်းဦးနှင့်ဝန်ထမ်းများက ယမန်နေ့တွင် သံဆည်ကျေးရွာ စုရပ်ဆောင်၌ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဈေးကွက်ကို မိမိကိုယ်တိုင် ဖန်တီးရန် လိုအပ်

ငါးပုစွန်မွေးမြူရေးနှင့် ပတ်သက်၍ ယခု ကိုဗစ်ကာလတွင် ထိခိုက်မှုနည်းပါးစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ဈေးကွက်ကို မိမိကိုယ်တိုင်ဖန်တီးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရှာခြင်းနှင့် ဈေးကွက်ဖန်တီးခြင်းသည် မတူညီပါကြောင်း၊ ဈေးကွက်ရှာခြင်းသည် ရှိပြီးသားဈေးကွက်ကို လိုက်ရှာခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်ဖန်တီးခြင်း၊ ဈေးကွက်ထွင်ခြင်းသည် မိမိတို့ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကို အခြားသူများဝယ်ချင်အောင် လုပ်ဆောင်ရခြင်း ဖြစ်ပါကြောင်း၊ နှစ်ခုစလုံးသည် အရေးကြီးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ ၂၂၀ ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၈၀) ခု
(၁၈-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၂၀) ခု
(၁၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၈) ခု
(၁၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၆) ခု
(၁၈-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၁၆) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၁၆) ခု၊
- စုစုပေါင်း ၁၀၅၀ ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း ၃၃၁ ဦးရှိပါသည်။ ၎င်းတို့အနက် ၃၂၈ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၈-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် ၂၇ ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၇၆) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၀) ဦး	(၃၃၁) ဦး
သေဆုံးသူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၀၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၄) ခု
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၀၅၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၀၈၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၄) ခု
- စုစုပေါင်း (၁၇၁၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာတွင် -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ (အဆိုပါ လူနာသစ်(၁)ဦး၏သတင်းအား (၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

၃။ (၁၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၆) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၁၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၀၈) ခု
(၁၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၆) ခု
(၁၇-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၉၄) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး အထူးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ(SOMRDPE) အလှည့်ကျဥက္ကဋ္ဌ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျိုးဆက်ကြောင့် မိမိတို့ SOMRDPE မှ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးလုပ်ငန်းများတွင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့ SOMRDPE Focal Point များအားလုံးအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအား တိုက်ဖျက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးနှင့် ပြည်သူလူထု၏ တုံ့ပြန်နိုင်စွမ်းအား မြှင့်တင်နိုင်ရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Assistant Director Dr.Sita Sumrit တို့က အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေး ကျင်းပနိုင်ရေး လိုအပ်သည်များ အကြံပြုဆွေးနွေး ပြောကြားကြသည်။

အဆိုပါ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေး ပြုလုပ်နိုင်ရေးအတွက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကာလအတွင်း ကယားပြည်နယ်၌ ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

လွိုင်ကော် ဩဂုတ် ၁၈

ကယားပြည်နယ် သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ အသင်းသားတောင်သူများ စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီများကို ကိုဗစ်-၁၉ ကာလအတွင်း ဈေးကွက်ရရှိစေရန်၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာ လည်ပတ်နိုင်ရန်နှင့် ကယားပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများ ဝယ်ယူစားသုံးရာတွင် အဆင်ပြေစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းမှစ၍ ကြက်သွန်နီများကို ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လိုက်လံဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အဆိုပါကြက်သွန်နီများကို မကွေးတိုင်းသမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှထွက်ရှိသော ကြက်သွန်နီ ပိဿာချိန် ၅၃၀၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့်ဝယ်ယူကာ ကယားပြည်နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းက ပိဿာချိန် ၂၀၀၀နှုန်း၊ လွိုင်ကော်မြို့နယ် သမဝါယမအသင်းစုက ပိဿာချိန် ၁၀၀၀ နှုန်း၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်သမဝါယမအသင်းစုတို့က ပိဿာချိန် ၅၀၀ နှုန်း၊ သမဝါယမဦးစီးဌာန ဝန်ထမ်းများ ငွေစုငွေချေးအသင်းက ပိဿာချိန် ၅၀၀ နှုန်း ၊ ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ် သမဝါယမအသင်းစုတို့က ပိဿာချိန် ၃၀၀ နှုန်း၊ ရှားတောမြို့နယ် သမဝါယမအသင်းစုက ပိဿာချိန် ၂၀၀ နှုန်းဖြင့် အသင်းသားများထံသို့ ဝယ်ယူသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးလှိုင်ဌေး(ပြန်/ဆက်)

အထည်ချုပ်လုပ်သားများ အလုပ်အကိုင်ရရှိစေရန် အထည်များအား လက်ခစားစနစ်ဖြင့် လက်ခံချုပ်လုပ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

ကိုဗစ်-၁၉ ကာလတွင် အထည်ချုပ်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိစန္ဒာ အထည်ချုပ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအနေဖြင့် ပြည်တွင်း ပြည်ပ ကုမ္ပဏီအဖွဲ့အစည်းများက ကုန်ကြမ်းပေး အပ်နှံလာသော အထည်များအား လက်ခစားစနစ် (CMP)ဖြင့် လက်ခံချုပ်လုပ်ပေးလျက်ရှိကြောင်း အဆိုပါ သမဝါယမအသင်းမှ သိရသည်။

သီရိစန္ဒာ အထည်ချုပ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအနေဖြင့် လက်ရှိတွင် ဂျပန်နိုင်ငံမှ အပ်နှံလာသော စာတိုက်ဝန်ထမ်းယူနီဖောင်းဝတ်စုံ ၂၅၀၀၀၊ စားသောက်ဆိုင်ဝန်ထမ်း ယူနီဖောင်းဝတ်စုံ ၄၅၀၀၀ နှင့် ကိုဗစ်ကာလအတွင်း ကာကွယ်၊ ထိန်းချုပ်ကုသရေးအတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ဖြန့်ဝေရန် ဒိန်းမတ်နိုင်ငံမှ လှူဒါန်းသည့် နှာခေါင်းစည်း ၁၅၀၀၀၀ အား ချုပ်လုပ်ပေးလျက်ရှိသည်။

သီရိစန္ဒာအထည်ချုပ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် အထည်ချုပ်လုပ်ငန်းအား စက်အလုံးရေ ၆၁၀၊ ဝန်ထမ်းအင်အား ၇၀၀ ဖြင့် ပြည်တွင်းပြည်ပ ကုမ္ပဏီအဖွဲ့အစည်းများက ကုန်ကြမ်းပေးအပ်လာသော အထည်များအား CMP လက်ခစားစနစ်ဖြင့် လက်ခံချုပ်ပေးခြင်း၊ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချရန်အတွက် ကျားဝတ်၊ မဝတ်အထည်များကို ချုပ်လုပ်ပေးခြင်း လုပ်ငန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော ကျန်းမာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသင်း၏ အထည်ချုပ်လုပ်ငန်းသည် ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် ပြည်ပပို့ကုန် တင်ပို့နိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)

ကချင်ပြည်နယ်၌ ကြက်ခြေနီစေတနာ့လုပ်အားရှင်များက လူမှုကရုဏာအကူအညီပေးခြင်းများ ကူညီဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၈

ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် အကူအညီလိုအပ်သူများအား နေရာဒေသမရွေး အကူအညီပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် ဟောင်ပါးကျေးရွာအုပ်စု တာမခန်ကျေးရွာတစ်ဖက်ကမ်းရှိကျေးရွာမှ ကလေးမွေးဖွားရန် အခက်အခဲဖြစ်နေသော မွေးလူနာကို ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်နှင့် လမ်းများတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကူညီပေးခြင်းနှင့် ခရီးသွားပြည်သူများအား သွားလာမှုအဆင်ပြေစေရန် ကူညီခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အတူ ပူတာအိုမြို့နယ်ကြက်ခြေနီအသင်းခွဲမှ မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး ဒေါ်အမ်ဇမီဆားရ်နှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် ပါအင်ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ ကိုးနှစ်အောက်ကလေးငယ်များအား သံချဆေးနှင့် ဗီတာမင်အေများ တိုက်ကျွေးရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည်။

ဝင်းအောင် (MRCS)

COVID- 19 ရောဂါ ကာကွယ်ဖို့
မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေပေးအပ်

ဂန့်ဂေါ ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ဂန့်ဂေါမြို့နယ် ကျေးရွာသုံးရွာအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ချောင်းနက်ကျေးရွာအဝင်လမ်း ပေါ်တွင်ကျောက်စီရေပြွန် Box Culvert တစ်စင်းတည်ဆောက် ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၆ သိန်း၊ မောလယ်ကျေးရွာ တွင် ချောင်းသဲကြမ်းခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၅၄ သိန်း၊ ဖက်ဝန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် သိန်း ၆၀ တို့ကို ကျေးရွာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်သည်။

ထင်အောင်နိုင် (ဂန့်ဂေါ)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသုံးဗလာစာအုပ်များနှင့် စက်ဘီးများပေးအပ်လှူဒါန်းပွဲ တက်ရောက်

ရွှေဘို ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ သည် ယမန်နေ့ နံနက် ၉ နာရီခွဲက ရွှေဘိုမြို့ မြို့တော်ခန်းမ၌ ကျင်းပ သော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် Less Walk Organization တို့မှ ရွှေဘိုမြို့နယ်အတွင်းရှိ အထက ကျောင်းများအတွက်ထောက်ပံ့လှူဒါန်း သည့် ကျောင်းသုံးဗလာစာအုပ်များနှင့် စက်ဘီးအစီး ၃၀၀ ပေးအပ်လှူဒါန်း ပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့က ရွှေဘိုမြို့နယ်အတွင်းရှိ အထက(၁၊ ၂၊ ၃၊ ၄၊ ၅)နှင့် အထက ကျောင်းမြောင်း၊ အထက ဆိပ်ခွန်၊ အထက ဆင်အင်း၊ အထက ညောင်ပင် သာ၊ အထက ပလိုင်းတို့မှ ကျောင်းအုပ် များနှင့် ကျောင်းသား ကျောင်းသူများ ထံ စက်ဘီးများ ပေးအပ်လှူဒါန်းကြပြီး ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ် တို့မှ အထက ကျောင်းတစ်ကျောင်း စီအတွက် စက်ဘီးများကို ပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တို့က လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် ပိတ္တောအထက(ခွဲ)ကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးက ကျောင်းဆောင် ဟောင်းတစ်ဆောင်အား ပြုပြင်ရန်လို အပ်ချက်များကိုတင်ပြရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် သိန်း၂၀နှင့် Outdoor Fitness အား ကစားပစ္စည်းတစ်စုံတို့ကို ထောက်ပံ့ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့

ဘားအံ ဩဂုတ် ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများ အတွက် တတိယအကြိမ် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးလျက်ရှိရာ ဘားအံမြို့နယ် ကျေးရွာများရှိ ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ ရှိ အိမ်ထောင်စု ၁၀၅ စု၊ အိန္ဒုကျေးရွာ ရှိ အိမ်ထောင်စု ၂၅၁ စု၊ နောင်လုံ အနောက်ကျေးရွာ အိမ်ထောင်စု ၁၃၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တတိယ အကြိမ်အဖြစ် ယမန်နေ့က ထောက်ပံ့ ခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်၌ ယခင် စားရိက္ခာများ ထောက်ပံ့ပေးခဲ့ပြီး ထပ်မံ၍ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဒုတိယအကြိမ် ၂၀၀၀၀ ထောက်ပံ့ပေးခဲ့ကာ ယခုအခါ တတိယအကြိမ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဆက်လက် ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်းနှင့် ဘားအံမြို့နယ်တွင် ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၁ အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားအိမ်ထောင်စု ၁၈၈၆၂ စု ကျော်အတွက် ထောက်ပံ့မည်ဖြစ် ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၁၈

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် သုံးရက်အတွင်း ၁ ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

မုံရွာသမဝါယမဦးစီးဌာနမှ တန်ဖိုးသင့်အာလူးများရောင်းချ

မုံရွာ ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သမဝါယမဦးစီးဌာနနှင့် မုံရွာမြို့နယ် သမဝါယမအသင်းစုတို့ ပူးပေါင်း၍ အာလူးများအား တန်ဖိုးသင့်ဈေးနှုန်း ဖြင့် ယမန်နေ့ နံနက်ပိုင်းက ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ်မှဒေသခံတောင်သူများ စိုက်ပျိုးထားသော အာလူးသီးများအား ပိဿာချိန် ၁၀၀၀ ဝယ်ယူပြီး မုံရွာ မြို့နယ်ရှိသမဝါယမအသင်းပေါင်း ၂၀ ထံသို့ ဒေသပေါက်ဈေး အာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းရှိ သော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း မုံရွာမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးခင်မောင်လွင်က ပြောသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန် တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ လမ်းတံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ ခနောင်တိုအနောက်ရပ်ကွက်၌ အရှည် ပေ ၃၀၊ အကျယ် ၁၆ ပေရှိသော ဧဝတီတံတားတည်ဆောက်ခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူ များ၏ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ ကိုဗစ်-၁၉ ရောဂါကာလဖြစ်ခြင်းကြောင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်နိုင်စေရေး ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ဆိပ်ကြီးအရှေ့ရပ်ကွက် ရွှေရန်ကုန် စက်တပ် သမ္ဗန်ကူးတို့ဆိပ်အနီး ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲက ရေတိုက်စားမှုကြောင့် ကမ်းထိန်းနံရံအတွင်း အလျားပေ ၁၂၀၊ အနံပေ ၃၀ ခန့်ရှိ မြေပြိုကျမှုဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အချိန်မီပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ အား မှာကြားခဲ့သည်။

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလ မြို့နယ်အား ဆက်သွယ်တည်ဆောက်မည့် တံတားမြေ နေရာသို့ သွားရောက်ခဲ့ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများက တည်ဆောက်မည့် တံတားပုံစံငယ်နှင့် တံတားအူလမ်းကြောင်း မြေနေရာကို ရှင်းလင်းပြသခဲ့သည်။

အဆိုပါတံတားမှာ သံမဏိသံပေါင်တံတား နှစ်လမ်းသွား ဖြစ်ပြီး တံတားအရှည် ၇၇၅ မီတာ၊ အကျယ် ၁၀ မီတာ၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းအရှည် ၂၅၄၂ ပေရှိရာ စုစုပေါင်းငွေကျပ် ၂၅ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး ဂျပန် နိုင်ငံ၌ နောက်ဆုံးတည်ဆောက်နေသော တံတားဒီဇိုင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတား အထူးအဖွဲ့(၁) က တာဝန်ယူတည်ဆောက်သွားမည်ဖြစ် သည်။

နိုင်လင်းကျော်(ဒလ)၊
ဝေယံ(ဆိပ်ကြီးခနောင်တို)



စုစုပေါင်းသစ်သီး (၂၁) မျိုးအကြောင်းကို
ကျန်းမာရေးရှုထောင့်မှ
စုံလင်စွာ လေ့လာဖတ်ရှုနိုင်သည့်

၂၀၁၇ ခုနှစ်အတွက်
ဆရာဝန်တင်ရွှေ စာပေဆုရ

သစ်သီးများနှင့် ကျန်းမာရေး
ဒေါက်တာခင်မောင်လွင် (FAME)

ကျန်းမာသုတစာအုပ်များ အားလုံးကို
ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။
09-752721908, 09-954271908

ဗုဒ္ဓ ဓမ္မ သံဃ
ခေတ်မြန်မာဆေးသုတ်အဖွဲ့

Unitex	1'x1' = 260
Orient	1'x1' = 300
Premier	1'x1' = 350
Nippon,Dulux, Jotun	1'x1' = 450

ပတ်တီး(၂)ထပ်၊ Sealer(၂)ထပ်၊ ဆေး(၃)ထပ်
မျက်နှာကျက်အလှဆင်ခြင်းလုပ်ငန်းနှင့် ပေါ်လစ်တင်ခြင်း လုပ်ငန်းများကို လူကြီးမင်းတို့ စိတ်တိုင်းကျသည်အထိ အာမခံဖြင့် ဆောင်ရွက်ပေးသည်။
Ph: 09 796211925,09 772735806

စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်လတ် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဥ်-၄၉၂၉)၏ (၁၃-၈-၂၀၂၀)ရက်စွဲပါ"(၁၆-၇-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)တွင်ပါရှိသည့် ဦးရှုမာန်း(ခ)အမ်ဒီမုခ်တားအ၏ လွှဲအပ်ချက်အရ အထက်တန်းရှေ့နေ ဒေါ်နှင်းချယ်ရီမှ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်အသိပေး ကြေညာခြင်း"နှင့်ပတ်သက်၍ သက်ဆိုင်သူများ သိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်းသိန်း(ဘ)ဦးတင်ညွန့်[၁၂/လမန(နိုင်)၁၂၅၄ ၁၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်-၆၈/၇၄၊ စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်) ဗလီအောက်ရှိ အခန်းအမှတ်-၁၀၊ ပေ(၇x၅)အကျယ်အဝန်းရှိ ဆိုင်ခန်းသည် ကျွန်ုပ်တို့မိတ်ဆွေ၏ အဘိုးအရင်းဖြစ်သူ ဦးပါကလွန်ခဲ့သော နှစ်ပေါင်း(၅၀)ခန့်ကတည်းက စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဗလီဂေါပကထံမှ ငှားရမ်းပြီး အောက်လင်းဓာတ်မီးဆိုင်ဖွင့်လှစ်ခဲ့သော ဆိုင်ခန်းဖြစ်ပါသည်။ မူလအိမ်ငှား/ ဆိုင်ငှားဖြစ်သူ ဦးပါကွယ်လွန်သည့်အခါ ဦးပါ၏သားဖြစ်သူ ဦးတင်ညွန့်က ဆက်လက်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်မိတ်ဆွေ၏ဖခင်ဖြစ်သူ ဦးတင်ညွန့်မကွယ်လွန်မီ (၂၀၀၆)ခုနှစ်တွင် ကျွန်ုပ်မိတ်ဆွေက ဆိုင်ခန်းနှင့်လုပ်ငန်းအားလုံးကို လွှဲပြောင်းရယူကာ ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ခဲ့သော ဆိုင်ခန်းဖြစ်ပါသည်။ မူလအိမ်ငှား/ဆိုင်ငှားဖြစ်သူ ဦးပါ၏အိမ်ငှား/ဆိုင်ငှား အခွင့်အရေးများကို ကျွန်ုပ်တို့မိတ်ဆွေက အမွေဆက်ခံခွင့်ရှိသူဖြစ်သောကြောင့် ဆိုင်ငှားရမ်းခများကို ဂေါပကအဖွဲ့ထံ ပေးသွင်းကာ ဆက်လက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ဖွင့်လှစ်လုပ်ကိုင်ရာမှ လွန်ခဲ့သော(၂၀၁၇)ခုနှစ်တွင် ဦးရှုမာန်း(ခ)အမ်ဒီမုခ်တားအား ဖုန်းနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်လုပ်ကိုင်နိုင်ရန်အတွက် တစ်ဆင့်ပြန်လည်အငှားချထားခဲ့ခြင်းကို ဂေါပကအဖွဲ့မှ တစ်စုံတစ်ရာ ကန့်ကွက်တားမြစ်ခဲ့ခြင်းမရှိပါ။ ထို့နောက်(၂၀၂၀)ခုနှစ်တွင် အချင်းဖြစ်ဆိုင်ခန်းနှင့်ပတ်သက်သော အိမ်ငှား/ဆိုင်ငှားတစ်ဦး၏ ဥပဒေပါ အခွင့်အရေးများကို ဦးရှုမာန်း(ခ)အမ်ဒီမုခ်တားအား ထပ်ဆင့်လွှဲပြောင်းပေးခဲ့ပါသည်။

စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဗလီဂေါပကနှင့် ကျွန်ုပ်တို့မိတ်ဆွေ၏ အဘိုးဖြစ်သူ ဦးပါတို့ချုပ်ဆိုခဲ့သည့် ဆိုင်ငှားစာချုပ်အရ ဆိုင်ခန်းကို ရောင်းချခြင်းမပြုမီ ဂေါပကအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလိုက်နာပြီး ဦးရှုမာန်း(ခ)အမ်ဒီမုခ်တားအား ထပ်ဆင့်လွှဲပြောင်းခြင်းမပြုမီ ကျွန်ုပ်တို့၏မိတ်ဆွေနှင့်အတူ ဦးရှုမာန်း(ခ)အမ်ဒီမုခ်တားနှင့် အထက်တန်းရှေ့နေ ဒေါ်နှင်းချယ်ရီတို့အတူလိုက်ပါပြီး စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဗလီဂေါပကအဖွဲ့ထံ လာရောက်တွေ့ဆုံပြီး တရားဝင်အသိပေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဗလီ ဂေါပကအဖွဲ့မှ တောင်းဆိုသည့် ဆိုင်ငှားအမည်ပြောင်းခ ကျပ်သိန်း(၂၀) တိတိကိုလည်း ပေးအပ်ရန် အသင့်ရှိပါသည်။

ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် မူလအိမ်ငှား/ဆိုင်ငှားဖြစ်သူ ဦးပါ၏ အိမ်ငှား/ဆိုင်ငှား အခွင့်အရေးများကိုဆက်ခံသူ အမွေစားအမွေခံတစ်ဦးဖြစ်သည့်အတွက် ၁၉၆၀ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပါ အိမ်ငှား/ဆိုင်ငှားတစ်ဦး၏ အခွင့်အရေးနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်သည့်အတွက် စူရတီစွန်နီဂျူမ္မာမစ္စဂျစ်(ဒ်)ဗလီဂေါပကအဖွဲ့၏ ပိုင်ဆိုင်မှုနှင့်ဂုဏ်သိက္ခာကိုလည်းကောင်း၊ အကျိုးစီးပွား နစ်နာအောင်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း(လုံးဝ)မရှိကြောင်း သက်ဆိုင်သူများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွတ်ဆိုင်းပန် (စဥ်-၁၆၀၁၂) **ဦးထွန်းထွန်းအောင် (စဥ်-၈၀၂၅)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၅၃၅)၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၇၇၀၀၇၇၇၄၄၊ ၀၉-၄၄၄၀၃၆၁၄၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ကြေးမုံရပ်)၊ ဦးပိုင်အမှတ် (၂၆-ခ၊ ၃၀-င)၊ မြေဧရိယာ (၀.၃၉၂)ဧကရှိ ဦးစိုးသိန်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို မိဘများကွယ်လွန်သဖြင့် အမွေခံသားသမီးများ၏ကိုယ်စား ဒေါ်ဇင်မာဦး (ဘ) ဦးစိုးသိန်း[၉/လဝန(နိုင်)၀၁၃၄၀၉၂]မှ မြေငှားစာချုပ်မိတ္တူ၊ လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀/၂၀၂၀)၊ မန္တလေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၈၈/၂၀၂၀) ၊ သေဆုံးကြောင်းထောက်ခံချက်မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၅၉၀/၁)၊ ဦးပိုင် (၂-က+၂-ခ)၊ Garden City Apartment Complex ၊ တိုက်အမှတ် (၂)၊ RC ၉ထပ် အဆောက်အဦ၏ ၅လွှာ အခန်းအမှတ်(၂)၊ ဧရိယာ (၆၀၅) စတုရန်းပေရှိ Garden City တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော Mandalay Garden City Construction Co.,Ltd ဒေါ်မေရင်(ခ) ဒေါ်သန်းသန်းအေး [၁/မကန(နိုင်)၀၈၃၂၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုကို [၉/ခမစ(နိုင်)၀၁၈၆၃၁]၊ ဒေါ်နွယ်နွယ်ဝင်းဒင်[၁၂/မဂတ(နိုင်)၀၈၆၃၃၄] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကိုကို၊ ဒေါ်နွယ်နွယ်ဝင်းဒင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ
ဒေါ်သူဇာကျော်
LL.B,D.B.L, D.I.L, D.I.P.L, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၂၆)
Ph-09-765602290, 09-254508917
Level (5,6,7,8)၊ တာဝါ(၂)၊ HAGL Myanmar Center Tower ၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြောက်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ်(၁၈)၊ ပထမထပ်(ခြေရင်းခန်း) နေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း "အများသိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆန်ရာ(၁/မကန(နိုင်)၁၂၈၅၇၉) သည် အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်တင်မြင့် (၁၂/ပဘတ(နိုင်) ၀၀၆၉၅၆) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၇-၈-၂၀၂၀)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်တင်အိနိုင်(LL.B;D.B.L;D.I.P.L)
အထက်တန်းရှေ့နေ(စဥ်-၄၃၆၀၁/၃၁-၁-၂၀၁၄)
အမှတ်(၃၂/အေ)၊ တတိယလွှာ၊ သမာဓိ(၁)လမ်း၊ ဆ/က ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၁၁၄၅၀၅၃၊ ၀၉-၇၉၆၁၀၈၉၂၅၀

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးမရီရာပါး(ခ)တင်မျိုးအောင်+၁	၁၂/ဒလန(နိုင်)၀၅၉၁၆၀	ဒဂုံတောင်	၁၄၄.စက်မှုဇုန်	၃၇၄+၃၇၅	ဦးကျော်ကျော်ငွေး	၃၇၄+၃၇၅၊ဘုရင့်နောင်လမ်း(၁၄၄)စက်မှုဇုန်ရပ်ကွက်	ဂရန်သစ်
၂။	ဒေါ်ဝင့်ဝင့်ငွေး	၉/ရမသ(နိုင်)၀၈၄၅၆၁	ဒဂုံမြောက်	၃၉/A	၄၇၉+၄၈၂	ဒေါ်သက်ထားဝင့်	၄၇၉+၄၈၂မေတ္တာလမ်းနှင့်သစ္စာ(၁)လမ်းထောင့်(၃၉/A)ရပ်ကွက်	အမည်ပြောင်း
၃။	ဦးစိုးထွန်းအောင်+၂	၁၂/ဥကတ(နိုင်)၀၄၇၉၂၆	တောင်ဥက္ကလာ	၃	၃၃၄	ဦးစိုးထွန်းအောင်+ဒေါ်ရီရီမော်+ ဦးကျော်ဇော+ဦးအေးနိုင်	၂၁၈၊(၁၁)လမ်း(၃)ရပ်ကွက်၊တောင်ဥက္ကလာ	အမည်ပြောင်း
၄။	ဦးအောင်ပြည့်စုံအေး	၇/ပတတ(နိုင်)၀၇၅၂၃၉	ဒဂုံအရှေ့	၁၃၄	၄၈၆	ဦးတင်အေး	၄၈၆၊(၁၃၄)ရပ်ကွက်၊ဒဂုံအရှေ့	ဂရန်သစ်
၅။	ဒေါ်သန်းသန်းထွေး	၁၂/ရကန(နိုင်)၀၄၈၄၉၀	သဃ်န်းကျွန်း	၁၉	၈/င-၂	ဒေါ်ခင်ခင်ရွှေ+ဦးသောင်းတင်ဦး+ ဦးတင်လှိုင်	S/၁၃၉၊ပြည်သာယာလမ်းသွယ်(၂)၊(၉)မြောက်ရပ်ကွက်	အမည်ပြောင်း
၆။	စမ်းချောင်းမြို့နယ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်	၃-၁၄၄၈-ခ၈-ရန်ကုန်တိုင်း	စမ်းချောင်း	၂၈B	၅၈စီ/၂B[ဒီ]	စမ်းချောင်းမြို့နယ်အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းစုလီမိတက်	၁၆၀၊ကျွန်းတောလမ်းမှန်/တောင်ရပ်ကွက်	လိုင်စင်တိုး
၇။	ဒေါ်တင်တင်အေး	၁၂/အစန(နိုင်)၀၂၂၂၀၉	လှိုင်သာယာ	သကမ-၁၃	၁၁၇၃/က	ဦးလေးမြင့်	၁၁၇၃/က၊တောင်ထူလမ်း(၁၆)ရပ်ကွက်၊လှိုင်သာယာ	ဂရန်သစ်
၈။	ဒေါ်နုနုရည်	၁၂/လသယ(နိုင်)၀၃၀၈၅၅	ရွှေပြည်သာ	၈/၇.တိုးချဲ့	၆၇၈(က)	ဦးဝင်းထွဋ်	၆၇၈(က)၊သမိန်ဗရမ်းလမ်း(၈)ရပ်ကွက်၊ရွှေပြည်သာ	ဂရန်သစ်
၉။	ဦးအောင်စိုး+၁	၈/မကန(နိုင်)၀၈၇၆၀၉	လှိုင်သာယာ	သကတ-၁၀	၁၉၅/က	ဦးတင်ဦး	၁၉၅/က၊စန္ဒာလမ်း၊ဒိုင်စု၊ညောင်ကျေးရွာအုပ်စု၊လှိုင်သာယာ	ဂရန်သစ်
၁၀။	ဒေါ်ခင်ထွေးရီ	၁၀/မလမ(နိုင်)၀၇၉၄၅၂	မင်္ဂလာတောင်ညွန့်	၁၂K	V.၁၁၉	ဒေါ်ခင်ထွေးရီ	၅/၇၊(၉၄)လမ်းကန်/တောင်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၁။	ဒေါ်ဇင်မာဦး+၁	၁၂/ဒဂန(နိုင်)၀၃၀၃၄၄	တောင်ဥက္ကလာ	၅	၂၃၉	ဒေါ်မြတ်သီရိလှိုင်	၂၃၉ပင်းယ(၁၀)လမ်း(၅)ရပ်ကွက်၊တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဒေါ်သီရိစော	၁၁/စတန(နိုင်)၀၀၂၂၇၃	ဒဂုံအရှေ့	၁၃၀	၉၈၁	ဦးမြတ်မင်းထွန်း	၉၈၁၊ထန်းတပင်လမ်း(၁၃၀)ရပ်ကွက်၊ဒဂုံအရှေ့	အမည်ပြောင်း
၁၃။	ဦးသက်မော်	၈/မဘန(နိုင်)၀၀၇၄၃၃	လှိုင်သာယာ	FMI-7	၄၄၁	ဒေါ်တူးတူး	O-150၊ယမင်းရွှေဝါသစ်ခွလမ်း(၄)ရပ်ကွက်၊လှိုင်သာယာ	အမည်ပြောင်း
၁၄။	ဒေါ်ရင်ကြည်	၁၀/ကထန(ဧည့်)၀၀၀၀၁၄	ဒဂုံတောင်	၂၀	၄၇၆/ခ	ဦးလုထုး	၄၇၆/ခ၊မောင်းမကန်ကမ်းသာလမ်း(၂၀)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဒေါ်ချစ်ထွေး(ခ)ငွေးငွေးမြင့်	၁၀/ကထန(ပြု)၀၀၀၀၀၂	ဒဂုံတောင်	၂၀	၁၅၉၉/က	ဦးခင်ဇော်	၁၅၉၉/က၊မောင်းမကန်ကမ်းသာလမ်း(၂၀)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဒေါ်စမ်းမွှေး+၁	၁၃/တကန(နိုင်)၀၆၈၀၈၆	လှိုင်သာယာ	စက်မှုဇုန်-၂	၉၁	GOLDEN SHARK ENTERPRISE(၄၁၉/၁၉၉၀-၉၁)	၉၁၊မဏ္ဍရာမင်းသားကြီးမောင်ပျိုလမ်း၊ညောင်ကျေးရွာအုပ်စု	အမည်ပြောင်း

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်နွဲ့နွဲ့အေး	၁၂/မဂတ(နိုင်)၀၇၇၅၅၀	သဃ်န်းကျွန်း	၄၄	၅၁/က	ဒေါ်ခင်သိန်းလွင်+၁	၁၁/က၊ပြည်တော်သာလမ်း(ခ)ရပ်ကွက်၊သဃ်န်းကျွန်း	အမည်ပြောင်း
၂။	ဦးအောင်မင်း	၁၂/မဂတ(နိုင်)၀၄၂၃၅၂	ဒဂုံမြောက်	၃၅	၃၀၅	ဦးတင်အောင်	၃၀၅၊နတ်သျှင်နောင်လမ်း(၃၅)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၃။	ဒေါ်ယဉ်မြတ်သင်း+၃	၁၂/လမတ(နိုင်)၀၂၅၃၀၆	လမ်းမတော်	၂၂X[၂]	V Class ၃၄၀	ကိုသိန်းညွှန့်+၃	၇၀၊(၈)လမ်း(၃)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၄။	ဒေါ်သီတာစိုး	၁၃/တကန(နိုင်)၀၁၀၁၃၆	ဒဂုံမြောက်	၄၄	၁၀၂၇	ဒေါ်တင်တင်ငွေး	၁၀၂၇၊ဒူးယားလမ်း(၄၄)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၅။	ဒေါ်တင်တင်အေး	၁၂/လမတ(နိုင်)၀၂၃၀၅၄	လှိုင်သာယာ	FMI-7	၃၅၀	ဦးအောင်မြင့်+၁	CA-331၊ချယ်ရီလမ်းသွယ်(၁)၊FMI Gardenအိမ်ယာ၊(၄)ရပ်ကွက်	အမည်ပြောင်း
၆။	ဦးဝင်းထွန်း	၁၄/မမက(နိုင်)၀၀၁၂၇၃	ဒဂုံအရှေ့	၁၂၀	၁၁၅	ဒေါ်ကလျာနိုင်	၁၁၅၊ပုဂံလမ်း(၁၂၀)ရပ်ကွက်၊ဒဂုံအရှေ့	အမည်ပြောင်း
၇။	ဒေါ်သီတာထွန်း	၁၂/မဂတ(နိုင်)၀၃၀၈၃၃	သဃ်န်းကျွန်း	၄၉	၁၅/ဘ	ဦးလှဖေ	၂၃/၂၆၊လွတ်လပ်ရေးလမ်းသွယ်(၂)၊(ဂ)ရပ်ကွက်၊သဃ်န်းကျွန်း	အမည်ပြောင်း
၈။	ဦးဝင်းငွေ+၁	၁၂/စခန(နိုင်)၀၄၄၃၇၀	ဒဂုံမြောက်	၄၈U9	၂၂၈	ဒေါ်ခင်မြမြ+၁	၂၂၈၊ပိတောက်ရိပ်သာလမ်း(၄၈U9)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၉။	ဦးမြင့်မောင်	၇/ပမန(နိုင်)၀၀၉၈၇၇	မင်္ဂလာဒုံ	ရွှေနံ့သာစံပြ	က/၇၇၇	ဒေါ်ခင်မော်မော်ရှိန်	က/၇၇၇၊ခရေလမ်း၊ရွှေနံ့သာစံပြ	မြေပုံကူး(အရောင်း)
၁၀။	ဦးအောင်ကျော်မြင့်+၁	၈/မသန(နိုင်)၀၆၄၇၆၈	ရွှေပြည်သာ	၁၅	၇	ဒေါ်ခင်ထား	၇၊နွယ်သာကီလမ်းသွယ်၊(၁)ရပ်ကွက်	အမည်ပြောင်း
၁၁။	ဦးလှမျိုး	၁၃/သပန(နိုင်)၀၀၂၀၈၄	ရွှေပြည်သာ	၅၃	၄၂၃	ဦးစိန်ဝင်းမောင်	၄၂၃၊ဝေဠုဝန်လမ်း၊ကျောင်းကုန်းကျေးရွာအုပ်စု	ဂရန်သစ်
၁၂။	ဒေါ်ခင်အေးမြင့်	၁၂/ဒလန(နိုင်)၀၀၁၄၅၀	ဒလ	၆	၁၆၁၈	ဦးချစ်ခင်	၁၈၊လမ်းသွယ်(၅)လမ်း၊မြို့မ(၁)ရပ်ကွက်	ဂရန်သစ်
၁၃။	ဦးကြည်လှိုင်	၁၂/သဃက(နိုင်)၀၃၇၄၉၇	ဒဂုံဆိပ်ကမ်း	၇၇	၁၅၂	ဦးကြည်လှိုင်	၁၅၂၊ရွှေလီကျောကပ်လမ်း(၇၇)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	မြေပုံကူး(အရောင်း)
၁၄။	ဒေါ်မေသန္တာကျော်+ ၂၏GPဒေါ်မြင့်မြင့်နိုင်	၁၂/ဥကတ(နိုင်)၀၆၈၉၉၂	တောင်ဥက္ကလာ	၁၄/၂	၂၅၀/၂	ဦးကျော်သိန်းဝင်း	၂၅၀/၂၊မြစ်ထွေးလမ်း(၁၄/၂)ရပ်ကွက်၊တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၁၅။	ဒေါ်အေးအေးမြင့်၏SPရသူဦးသန်းအောင်	၁၂/မဂတ(နိုင်)၀၇၄၈၀၉	သဃ်န်းကျွန်း	ကြီးပွားရေး(မြောက်)	၃၉၃	ဦးရွှေလှိုင်	၃၉၃၊ပင်လုံရိပ်မွန်အိမ်ရာ၊ကြီးပွားရေး(မြောက်)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၆။	ဦးရဲမင်းထွန်း+၁	၁၂/အစန(နိုင်)၁၈၃၁၄၄	ရွှေပြည်သာ	၄၉.ဝါးတရာ	၂၁၉မှ၂၂၇/B	ဒေါ်ဝေဝေမွန်	၂၁၉မှ၂၂၇/B၊ဗိုလ်တိုက်ချွန်းလမ်း(၂၃)ရပ်ကွက်၊ရွှေပြည်သာ	ဂရန်ခွဲ
၁၇။	ဒေါ်မြဝင်း+၃	၁၂/ရကန(နိုင်)၀၂၆၆၇၂	ဒဂုံမြောက်	၃၇	၂၁၀	ဦးညွှန့်မောင်	၂၁၀၊သုခလမ်း(၃၇)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၈။	ဦးဝင်းကြည်၏(SP)ဒေါ်မြင့်မိမ်း	၇/ပတန(နိုင်)၀၀၉၀၆၈	အင်းစိန်	၁/B(မော်ကွင်း)	၄/၁.B.၁	ဦးသက်ဦး	၄/၁B.၁၊အောင်ဇေယျလမ်း၊ကမ်းနားအနောက်ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၉။	ဒေါ်နီနီမာ+၅	၁၂/ဥကတ(နိုင်)၀၄၇၅၅၈	ဒဂုံမြောက်	၃၃	၁၅၉	ဦးအုန်းညွှန့်	၁၅၉၊ရွှေဝါထွန်းလမ်း(၃၃)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၂၀။	ဒေါ်နွယ်နွယ်သန်း	၁၂/ဗတထ(နိုင်)၀၁၂၅၅၇	ဒဂုံမြောက်	၃၅	၁၉၉	ဦးမောင်မောင်သန်း	၁၉၉၊မင်္ဂလာလမ်း(၃၅)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာ/တိုးချဲ့-၂၊ မြေကွက်အမှတ်(၄၅၃)၊ ပေ(၄၀x၆၀)၊ ပါမစ်မြေအမည်ပေါက်မှာ ဗိုလ်ကြီးအောင်ဇော်မြင့်(ငြိမ်း)ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးဇေယျာစည်သူဝင်း[၁၂/လမန(နိုင်)၁၂၄၂၀၄]မှ ဝယ်ယူခဲ့ပြီး ကျမ်းကျိန်လွှာ (၈/၁၄၀၆/၂၀၂၀) နေ့စွဲ (၁၀-၈-၂၀၂၀) တင်ပြ၍ ဤဦးစီးဌာနသို့ မြေနယ်နိမိတ်လေးရပ်တိုင်းတာပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

